# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၅၃)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ဖိုးနီရေလှောင်တမံ

**မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆိပ်ဖြူမြို့နယ်တွင် တည်ဆောက်ခဲ့သည့် မြေသား တမံအမျိုးအစား ဖိုးနီရေလှောင်တမံ တည်ဆောက်ပြီးစီးမှု မြင်ကွင်းကို စက်တင်ဘာ ၆ ရက်က ဤသို့တွေ့ခဲ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

# စီးပွား/ကူးသန်းဝန်ကြီးဌာနမှ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ထူးချွန်ဝန်ထမ်းများ၊ ပညာရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မာဒေးကားဖလားဆုရ မြန်မာဘောလုံးအသင်းတွင် ပါဝင်ခဲ့ကြသော အားကစားသမားများ၊ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ပထမဆုရ အားကစားသမားများ၊ အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ထူးချွန်ဝန်ထမ်းများ၊ ပညာရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

*စာမျက်နှာ ၃ ကော်လံ ၁*



## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(စက်တင်ဘာ ၂၁ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးလျက်ရှိ ဆည်တမံတို့မှ စိုက်ပျိုးရေများ တိုးတက်ရရှိနေပြီ

သတင်းဆောင်းပါး
ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၀**

မကွေးတိုင်း ပခုက္ကူခရိုင်သည် နှစ်စဉ်မိုးရေချိန် ၂၆ လက်မခန့်သာ ရွာသွန်း၍ မိုးနည်းရေရှားဒေသဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆည်မြောင်းဦးစီးဌာနနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

**စီမံချက်**

ပခုက္ကူခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ် ၇၁ ခု အကောင်အထည်ဖော်၍ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်မြေဧရိယာ ၈၆၂၈ ဧကအတွက် စိုက်ပျိုးရေရရှိနိုင်ရန် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁*

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**မြန်မာ့အလင်း**

**အယ်ဒီတာ့ အာဘော်**
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

# မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအဝွန့်ရှည်ရေး နှစ်နိုင်ငံ ရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေးသမိုင်းမှတ်တိုင် စိုက်ထူနိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင် လူစီးတွဲများပေးအပ်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင် ရေနွေးငွေ့စက်ခေါင်းနှင့် လူစီးတွဲများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာလ ၁၉ ရက်နေ့က ရန်ကုန်ဘူတာကြီး၌ ကျင်းပခဲ့သည်။

ယခု လွှဲပြောင်းပေးအပ်သည့် လူစီးတွဲ၁၃၀ သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့သော လူစီးရထားတွဲများ ဖြစ်သည်။ ယင်းလူစီးတွဲများကို မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ လိုအပ်သည့် မွမ်းမံမှုများကို ဆောင်ရွက်၍ အသုံးပြုသွားမည်ဖြစ်သည်။ မွမ်းမံပြီးလူစီးတွဲများကို ရန်ကုန်-မန္တလေးလမ်းပိုင်း အစုန်အဆန် အထူးအမြန်ရထားတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စတင်၍ အသုံးပြုလျက်ရှိသည်။

ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးလက်ဆောင်အဖြစ် လူစီးရထားတွဲ ၁၃၀ ပေးအပ်ခြင်းဖြင့် မြန်မာနိုင်ငံ ပြည်သူပြည်သားတို့၏ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေသည်။ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းများ၏ ရလဒ်ကောင်းအဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လူစီးတွဲများ ချစ်ကြည်ရေးလက်ဆောင် ပေးအပ်ခြင်း ဖြစ်သည်။

ရေနွေးငွေ့စက်ခေါင်းများသည် ယခင်ခေတ်သုံး စက်ခေါင်းများအဖြစ် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစရာ၊ လူငယ်များ စိတ်ဝင်စားစရာ ဖြစ်လာခဲ့သည်။ ယခုခေတ်တွင် ဒီဇယ်စက်ခေါင်းများဖြင့် ပြေးဆွဲသောရထားများကို စီးနင်းသွားလာရင်း အတိတ်ကာလကသုံးစွဲခဲ့သည့် ရေနွေးငွေ့စက်ခေါင်းများ အကြောင်း စိတ်ဝင်စားလာခဲ့ပြီး ရေနွေးငွေ့ဖြင့် မောင်းနှင်သည့် ရထားများကို စီးနင်းကြည့်လိုသည့်စိတ်ဆန္ဒများ ဖြစ်ပေါ်ကြသည်။ နိုင်ငံအတော်များများတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၌ ရေနွေးငွေ့စက်ခေါင်းနှင့် ခေတ်ဟောင်း သုံးတွဲများကို ဖွဲ့ဆင်ပြီး ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်မှုလုပ်ငန်းအဖြစ် ရထားပြေးဆွဲသည်ကို တွေ့ရသည်။ ထို့ပြင် ပြတိုက်များတွင်လည်း ခေတ်ဟောင်းသုံး ရေနွေးငွေ့စက်ခေါင်းများ၊ တွဲများ၊ ယခင်ခေတ် ဘူတာသုံးပစ္စည်းကိရိယာများကိုလည်း ပြသထားလေ့ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ရထားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားလုပ်ငန်းတို့အကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အဝွန့်ရှည်ရေးအတွက် တရုတ်နိုင်ငံမှ လူစီးတွဲများ ပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံမှ ရေနွေးငွေ့စက်ခေါင်း နှစ်ခေါင်းနှင့် ဆက်စပ်လူစီးတွဲ နှစ်တွဲကို ချစ်ကြည်ရေးလက်ဆောင် အဖြစ် ပေးအပ်ခြင်းသည် နှစ်နိုင်ငံ ရထားလုပ်ငန်း တို့အကြား ချစ်ကြည်ရေးသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်း ဖြစ်ပေသည်။ ။





## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**တာမွေမြို့နယ် တာမွေကလေး ရပ်ကွက် စတုဘုမ္မိက စာသင်တိုက် အတွင်းရှိ ဆောက်လုပ်နေဆဲ ဒါန ပါရမီ နှစ်ထပ်ကျောင်းဆောင်တော် ကြီးအတွက် ဦးစံရင် (၅)နှစ်မြောက် အားရည်စူး၍ အမှတ် ၂၇ မလွှကုန်း လမ်း ကျောက်မြောင်းနေ ဒေါ်အမာ အသက်(၇၇)နှစ်မြောက် မွေးနေ့အလှူ ငွေကျပ်တစ်သိန်းကို စတုဘုမ္မိကစာသင် တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ ရှေ့မှောက်တွင် အကျိုးတော် ဆောင် ဦးမြင့်လွင်ထံ ပေးအပ် လှူဒါန်းစဉ်။** (က-ပ)

## ယာဉ်သွားလာမှုအဆင်ပြေစေရန် လမ်းများပြုပြင် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်

ရန်ကုန် စက်တင်ဘာ ၂၀

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယမန်နေ့နံနက် ၆နာရီခွဲက ကျောက်တံတားမြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းအကြား ပန်းဆိုးတန်းလမ်း တစ်လျှောက် ယာဉ်သွားလာမှု အဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ တာမွေမြို့နယ်၌ ကျိုက္ကဆံလမ်းမကြီးကို ကျောက်မြောင်းဈေးမှတ်တိုင်အနီးနှင့် ရွှေဗဟိုရုပ်ရှင်ရုံအနီး လမ်းဆုံတို့၌ ကွန်ကရစ် ကတ္တရာဖြင့် စက်ယန္တရားကြီးများ အသုံးပြုကာ လမ်းပြုပြင်ခင်းကျင်းနေမှုနှင့် လမ်းပေါ်ရှိ သဲနှင့်ခဲများရှင်းလင်း သယ်ယူနေမှု၊ ရေဆင်း နှာပေါက်များချဲ့ထွင်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။**

**ပံ့ပိုးဖြည့်ဆည်းပေး**

ဆက်လက်၍ မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ်သို့ သွားရောက်ကာ ဝေဇယန္တာ လမ်းမကြီးကို အဆင့်မြင့်စေရန် အင်ဂျင်နီယာဌာန လမ်းနှင့်တံတား ဝန်ထမ်းများက စက်ယန္တရားကြီးများဖြင့် ကွန်ကရစ်ကတ္တရာ ခြောက်လမ်းသွားခင်းကျင်းနေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ အောင်မြင်စေရန် တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ် စစ်ဆေးရေး မှာကြားပြီး လိုအပ်သည်များ ပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၈) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ရေးဖွဲ့သီရာစာကဗျာလင်္ကာ (အပိုင်း-၂) |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၈) |

## သံတမန်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ရေးနှင့် သုတေသနဌာန (ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အစိုးရ အရာထမ်းများအတွက် သံတမန်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ကိုယ်စားလေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**အထူးပြုပို့ချပေးမည်**

အဆိုပါ သင်တန်းတွင် ပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း ပညာ၊ ကွန်ဖရင့်ဒီပလိုမေစီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစသည့် ဘာသာရပ်များကို အထူးပြုပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်သည်။ **(သတင်းစဉ်)**



**သုခစုံ ပြည်ပ အလုပ်အကိုင် ရှာဖွေရေး ကုမ္ပဏီ မိသားစု အမှတ် (၁၀၇) ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်က ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။** (သတင်းစဉ်)

# သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြည်နယ်နှင့် တိုင်းအလိုက် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးထိန်ဝင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ချီလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထိန်ဝင်းသည် ၎င်း၏ခန့်အပ်လွှာကို စက်တင်ဘာ ၅ ရက်တွင် ဆန်တီယာဂိုမြို့၌ ချီလီသမ္မတနိုင်ငံ သမ္မတ မစ္စစ်မီရဲလ် ဘာရှယ်လက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သမိုင်းသက်သေတည်ခဲ့ပြီ

* ဆည်တမံ လမ်းတံတားများ
ဘယ်စွမ်းအားနဲ့ တည်ဆောက်ထားသလဲ။

* စက်ရုံအလုပ်ရုံ စက်မှုဇုန်များ
ဘယ်လုပ်အားနဲ့ တိုးပွားခဲ့သလဲ။

* စီးပွားစွမ်းအား ပိတ်သည့်ကြားက
ဘယ်စွမ်းပကားနဲ့ အကျိုးများခဲ့သလဲ။

* ရတနာကျောက်မျက် တွင်းထွက်ရေနံ
ပိုလျှံရဖို့ လှံ့လစိုက်ထား
ကြိုးစားနေတာ ဘယ်သူတွေလဲ။

* ယင်းအရှိတရားများ မျက်ကွယ်ထားကာ
စကားမမှန် ကြံဖန်လုပ်ဇာတ်
မပြတ်လွှင့်ထုတ် ဒီမိုရုပ်သွင်
ခေါင်းစဉ်တင်ငြား သင်ဆက်မှားလိမ့်။

* ဒို့များမျက်မြင် သက်သေတင်
ညီညွတ်မှုများ အကြားမထင်
ပူးပေါင်းဆောင်ရွက်သွားမည်ပင်။ ။

**ရဲရင့်သွေး(ဥပဒေ)**

# အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အထက(၁) ဒဂုံကျောင်းမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူး ၆၁ ဦး၊ ငါးဘာသာဂုဏ်ထူး ၇၁ ဦး၊ လေးဘာသာဂုဏ်ထူး ၇၄ ဦး၊ သုံးဘာသာဂုဏ်ထူး ၆၇ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၇၈ ဦး၊ တစ်ဘာသာဂုဏ်ထူး ၁၁၅ ဦးနှင့် အောင်မြင်သူဦးရေ ၁၈၁ ဦး စုစုပေါင်း အောင်မြင်သူဦးရေ ၆၄၈ ဦးတို့က ထူးချွန်အောင်မြင်အောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြမည်ဟု သိရသည်။ **(က–ပ)**

## ● ရှေ့ဖုံး

**ဆုများချီးမြှင့်**

ထို့နောက် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် ဝန်ကြီးဌာနမှ ဘောလုံးသမား လေးဦး၊ ၂၀၀၅–၂၀၀၆ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ၃၇ ဦး၊ ၂၀၀၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ အာဆီယံယူ(၂၀) ပထမဆု ရွှေတံဆိပ်၊ ထိုင်းနိုင်ငံ အာဆီယံ ယူ(၁၇)ပထမဆု ရွှေတံဆိပ်၊ ထိုင်းနိုင်ငံ အာရှ–ဥရောပ ယူ(၂၀) ဒုတိယဆုငွေတံဆိပ်၊ Pre Sea Game ယူ(၂၃) တတိယဆု ကြေးတံဆိပ်၊ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဖလား ဒုတိယဆု ငွေတံဆိပ်၊ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ပထမဆု ရွှေတံဆိပ်၊ ပြည်တွင်းပြည်ပ မသန်စွမ်းနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ စီးပွားကူးသန်းဂျာနယ်တွင် ဆောင်းပါးအများဆုံးရေးသားသူ ဝန်ထမ်းများ၊ ထူးချွန်ဝန်ထမ်းများအား ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၀ ရက်က ဆော်ဒီအာရေဗျနိုင်ငံ၏ (၇၆)ကြိမ်မြောက် အမျိုးသားနေ့ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr.°°Turki Bin Naji Al Ali ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## ✡ ကျောဖုံးမှ

ထို့နောက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့တွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးရှိစေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဓာတ်အား ပျောက်ဆုံးလေလွင့်မှုများ ပပျောက်သွားအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

**ရှင်းလင်း**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သာဂရမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဓာတ်အားခငွေ လက်ခံကောင်တာကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား လျှပ်စစ်မှူး ဦးမောင်မောင်အေးက မြို့နယ်တွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် ဓာတ်အားခ ကောက်ခံရရှိမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ယခုထက် ပိုမိုအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြို့တွင်း ဓာတ်အား ပိုမိုနိုင်နင်းစွာ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အား ပျောက်ဆုံးလေလွင့်မှုလျော့နည်းသွားရန် လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲ အစီအစဉ်အရ စက်တင်ဘာ ဂေါက်ရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်းကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညောင်ရိုပ်သာ တရားစခန်းနှင့် ဘုံကထိန်

**ရန်ကုန် စက်တင်ဘာ ၂၀**

သာကေတမြို့ ၁၀ တောင်ရပ်ကွက် ၁၀၈ တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမန သိကာရနည်းအရ ပဓာန နာယက (ငန်းချောင်း) အရှင်ကေသရာဘိဝံသ ဆရာတော်က ဝါတွင်းကာလ နောက်ဆုံးအဓိဋ္ဌာန်တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ဟောပြောပြသမည်ဖြစ်သည်။ ဒုလ္လဘ ရဟန်းသာမဏေ၊ သီလရှင်ဝတ်၍ တရားစခန်းဝင်လိုသူများအတွက် စီမံပေးမည်ဖြစ်ပြီး နှစ်စဉ်ကျင်းပမြဲ စုပေါင်းကထိန်အလှူတော်ကို တရားစခန်းသိမ်းအောင်ပွဲနှင့်အတူ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ဘုံကထိန်ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ ဖုန်း– ၅၄၇၀၂၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# ရန်ကုန်–မန္တလေး အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ (အင်္ဂါနေ့)မှစ၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့် ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိရပါသည်။

**အဆန်ရထားများ**

| စဉ် | ရထားအမှတ် | ရန်ကုန်မှ ထွက်ခွာချိန် | နေပြည်တော်သို့ ဆိုက်ရောက်ချိန် | မန္တလေးသို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၂၉ အဆန် | ၀၄:၀၀ | ၁၂:၀၇ | ၁၀:၀၀ |
| ၂ | ၁၇ အဆန် | ၀၄:၃၀ | ၁၃:၀၈ | ၁၉:၃၀ |
| ၃ | ၅ အဆန် | ၀၅:၀၀ | ၁၃:၄၅ | ၂၀:၁၀ |
| ၄ | ၃ အဆန် | ၀၅:၃၀ | ၁၄:၃၃ | ၂၁:၃၀ |
| ၅ | ၁၁ အဆန် | ၀၆:၀၀ | ၁၅:၁၀ | ၂၂:၀၀ |
| ၆ | ၃၁ အဆန် | ၀၉:၀၀ | ၁၇:၄၅ | – |
| ၇ | ၇ အဆန် | ၀၉:၃၀ | ၁၈:၁၅ | – |

**အစုန်ရထားများ**

| စဉ် | ရထားအမှတ် | မန္တလေးမှ ထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | – | ၀၆:၃၀ | ၁၅:၃၀ |
| ၂ | ၃၂ အစုန် | – | ၀၈:၄၅ | ၁၇:၄၅ |
| ၃ | ၃၀ အစုန် | ၀၄:၀၀ | ၀၉:၃၃ | ၁၈:၀၀ |
| ၄ | ၁၈ အစုန် | ၀၄:၃၀ | ၁၀:၂၄ | ၁၉:၃၀ |
| ၅ | ၆ အစုန် | ၀၅:၀၀ | ၁၀:၅၈ | ၂၀:၁၀ |
| ၆ | ၄ အစုန် | ၀၅:၃၀ | ၁၁:၄၉ | ၂၁:၃၀ |
| ၇ | ၁၂ အစုန် | ၀၆:၀၀ | ၁၂:၂၀ | ၂၂:၀၀ |

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် စက်တင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၄-၉-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် အောက်တိုဘာလအတွက်

(၈-၁၀-၂၀၀၆)ရက်နေ့နှင့်

(၂၉-၁၀-၂၀၀၆)ရက်နေ့



တရုတ်နိုင်ငံ ပေကျင်းမြို့တွင် သိပ္ပံပညာတိုးတက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကြောင်လိမ်လှေကားတစ်ခုကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပေကျင်း ၂၀၀၈ အိုလံပစ်ပွဲတော်ကျင်းပရာနေရာများ ပုဂ္ဂလိကမော်တော်ယာဉ်များ မောင်းနှင်ခွင့်ပိတ်ပင်မည်

ပေကျင်း စက်တင်ဘာ ၂၀

**တရုတ်နိုင်ငံတွင် ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲများ ကျင်းပရာနေရာ ဝန်းကျင်များ၌ ပုဂ္ဂလိကမော်တော်ယာဉ်များ မောင်းနှင်မှုကို ပိတ်ပင်တားဆီးသွားမည်ဖြစ်ကြောင်း ပေကျင်းမြို့မှ အရာရှိတစ်ဦးက ပြောကြားသည်။**

အားကစားပြိုင်ပွဲ ကျင်းပရာ နေရာအနီးဝန်းကျင်တွင် ပုဂ္ဂလိက မော်တော်ယာဉ်များအား ယာဉ်ရပ်နား ခွင့်နေရာများ ထားရှိမည် မဟုတ်ကြောင်း ပေကျင်းမြို့တော် မြူနီစီပယ်မှ ဆက်သွယ်ရေး ကော်မတီ၏ ဒုတိယ အကြီးအကဲ လီကျာပန်က ပြောကြားသည်။

### ပြောကြား

အားကစားပွဲ ကျင်းပရာနေရာများ၌ အကူဝန်ထမ်းများ၊ ရုံးဝန်ထမ်းများနှင့် ပရိသတ်များအား အခမဲ့သယ်ယူပို့ဆောင်ပေးမည့်ဘတ်စ်ကားများအတွက် သီးခြားနေရာများ သတ်မှတ်ပေးထားမည်ဖြစ်ကြောင်း ပေကျင်းမြို့ မော်တော်ယာဉ်သွားလာမှု ထိန်းချုပ်ရေးဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

### ပို့ဆောင်

အိုလံပစ်ပွဲ ကျင်းပနေစဉ်အတွင်း သတင်းစာဆရာများအတွက်လည်း ဘတ်စ်ကားများဖြင့် သယ်ယူပို့ဆောင်ပေးရန်နေရာများ အခမဲ့စီစဉ်ပေးထားသည်။

### ခန့်မှန်း

ပေကျင်းမြို့တွင် ယခုအချိန်၌ မော်တော်ယာဉ်အစီး ၂ ဒသမ ၇ သန်းရှိနေပြီး ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော်ကျင်းပချိန်၌ မော်တော်ယာဉ်အစီးရေ သုံးသန်းခန့် ရှိလာမည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့်နှစ်ကုန်က ပေကျင်းမြို့၌ ပုဂ္ဂလိကမော်တော်ယာဉ်အစီးရေ ၁ ဒသမ ၅၄ သန်းရှိနေသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အမေရိကန်သံရုံး အရာရှိတစ်ဦး ပစ်ခတ်ခံရ

**နိုင်ရိုဘီ စက်တင်ဘာ ၂၀**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် အမေရိကန်သံရုံးအရာရှိတစ်ဦး ပစ်ခတ်ခံရကြောင်း နိုင်ရိုဘီရှိ အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက စက်တင်ဘာ ၁၈ ရက်၌ ပြောကြားသည်။

### ပြင်းထန်

ကင်ညာနိုင်ငံတွင် ယခုနှစ်၌ သံရုံးအရာရှိတစ်ဦး တိုက်ခိုက်ခံရမှုသည် တတိယအကြိမ်ဖြစ်ပြီး ယခုဒဏ်ရာရရှိသည့် အမေရိကန်သံရုံးအရာရှိသည် ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

### မတော်တဆ

အဆိုပါ သံရုံးအရာရှိမှာ ရင်ဘတ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်ခံရမှုမှာ မတော်တဆဖြစ်ရပ်ဖြစ်သည်။

### ပစ်ခတ်

ကင်ညာနိုင်ငံတွင် ယခုနှစ်ဩဂုတ်လက ရုရှားသံအမတ် ဗာလီရီအီဂိုစကင်သည် လမ်းဘေးတွင် နေမကောင်းဖြစ်နေသော ကလေးငယ်တစ်ဦးအား ကားရပ်၍ ကြည့်ရှုစဉ် ဓားထိုးခံရခြင်းဖြစ်ပြီး ဒိန်းမတ်သံရုံးအရာရှိတစ်ဦးလည်း ပစ်ခတ်ခံရကြောင်း သိရသည်။

နိုင်ရိုဘီမြို့တွင် ပြန်ပေးဆွဲမှု၊ ဓားမြမှု၊ မုဒိမ်းမှုများ အများဆုံးကျူးလွန်ရာမြို့ဖြစ်သဖြင့် ၎င်းမြို့ကို နိုင်ရိုဘာရီဟုပင် ခေါ်ကြကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# အဏုမြူ စွမ်းအင် နည်းပညာများ အခြားနိုင်ငံများသို့ တောင်ကိုရီးယား မျှဝေပေးမည်

ဆိုးလ် စက်တင်ဘာ ၂၀

**တောင်ကိုရီးယားအစိုးရသည် ၎င်း၏ အဏုမြူစွမ်းအင်နည်းပညာနှင့် နျူကလီးယားဓာတ်အားပေး အဆောက်အအုံများကို အခြားနိုင်ငံများသို့ မျှဝေပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်နယူးစ် အေဂျင်စီက စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြသည်။**

တောင်ကိုရီးယား သိပ္ပံနှင့်နည်းပညာဝန်ကြီး ကင်ဝူးရှစ်က ဗီယက်နမ်၌ ကျင်းပသော နှစ်(၅၀)ပြည့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် အထက်ပါအတိုင်း မှတ်ချက်ပြုလျက် ပြောကြားခဲ့ခြင်းဖြစ်သည်။

### ထုတ်လုပ်

တောင်ကိုရီးယားနိုင်ငံ၌ စီးပွားရေးအရ လည်ပတ်နေသော နျူကလီးယား ဓာတ်ပေါင်းဖို ၂၀ရှိရာ နိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု၏ ၄၀ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေသည်။

### တီထွင်

တောင်ကိုရီးယားနိုင်ငံသည် နျူကလီးယား စွမ်းအင်နည်းပညာများကို အမေရိကန်၊ ကနေဒါနှင့် ပြင်သစ်တို့ထံမှ ရရှိထားသည်။ ၎င်းတို့သည် နျူကလီးယား ဂျင်နရေတာများ ကိုယ်ပိုင်တီထွင်နိုင်ပြီ ဖြစ်သည်။

### တားဆီး

တောင်ကိုရီးယားနိုင်ငံက နျူကလီးယား လက်နက်များ ပြန့်ပွားမှုကို တားဆီးပိတ်ပင်မည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မက္ကဆီကိုတွင် မုန်တိုင်းတိုက်ခတ်

**မက္ကဆီကို စက်တင်ဘာ ၂၀**

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း စင်နလိုပြည်နယ်တွင် စက်တင်ဘာ ၁၆ ရက်က ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းမုန်တိုင်းကြောင့် စက်တင်ဘာ ၁၇ ရက် အထိ လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ကားဂိတ်များအား ပိတ်ထားလိုက်ရသည်။

### ဖြစ်ပွား

မိုးသည်းထန်စွာ ရွာသွန်းပြီး မုန်တိုင်းများ တိုက်ခတ်မှုကြောင့် စင်နလိုပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ပျက်စီးမှုများစွာ ဖြစ်ပွားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## မော်တော်ယာဉ်တစ်စီးကို မ တင်ပြနေသူ

**မော်တော်ယာဉ်တစ်စီးကို မ တင်ပြနေသော လူသန်ကြီးတစ်ဦးကို တွေ့ရစဉ်။** (အောက်ပုံ)

တရုတ်နိုင်ငံ ဟောနန်ပြည်နယ် ဆမ်ယာမြို့တွင် စက်တင်ဘာ ၁၄ ရက်က ပြုလုပ်သည့် ကမ္ဘာ့လူသန်ကြီးများ ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ လူသန်ကြီး ၂၇ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မော်တော်ယာဉ်တစ်စီးလုံးကို မ ပြနိုင်သော လူသန်ကြီးများလည်း ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**






## ကမ္ဘာ့အရပ်အမြင့်ဆုံး လူသား

**ကမ္ဘာပေါ်တွင် အရပ်အမြင့်ဆုံးလူသားဖြစ်သည့် တရုတ်နိုင်ငံသားတစ်ဦးကို တွေ့ရစဉ်။** (အပေါ်ပုံ)

တရုတ်နိုင်ငံသား အသက် ၅၅ နှစ်အရွယ်ရှိ စီရှန်သည် အရပ် ၂ ဒသမ ၃၆ မီတာမြင့်ပြီး ကိုယ်အလေးချိန် ၁၆၅ ကီလိုဂရမ်ရှိရာ ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားလူများ၌ အရပ်အမြင့်ဆုံး လူသားတစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ခြင်းခံရသည်။ **(အင်တာနက်)**

# တိုက်ခိုက်ရေးသမားများ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်ဖြင့်ပစ်ခတ်

**ဂါဇာ စက်တင်ဘာ ၂၀**

ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများက ဂါဇာကမ်းမြောင်ဒေသမှ လက်လုပ်ဒုံးကျည်နှစ်လုံးဖြင့် စက်တင်ဘာ ၁၇ ရက်က အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အစ္စရေးအရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းသတင်းများ၌ ဖော်ပြသည်။

အဆိုပါ ဒုံးကျည်သည် ဂါဇာကမ်း မြောင်ဒေသမှ တစ်ကီလိုမီတာ အကွာရှိ အစ္စရေးနိုင်ငံတောင်ပိုင်း လမ်းတစ်လမ်းပေါ်သို့ ကျရောက်ခဲ့ကြောင်း၊ မော်တော်ယာဉ်အချို့လည်း ပျက်စီးသွားကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်က ပြောကြားသည်။

ယခုကဲ့သို့ တိုက်ခိုက်မှုမှာ ပါလက် စတိုင်းပြည်သူများ အစုလိုက်အပြုံလိုက် သေဆုံးမှုအတွက် ပြန်လည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်သို့ ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများက ပြောကြားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရေနံ့သဘာဝဓာတ်ငွေ့ အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစား အတွေ့အကြုံနည်းပညာများ အသုံးချပြီး မြေအသစ်များထပ်မံရှာဖွေ

နေပြည်တော် စက်တင်ဘာ ၂၀

**စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ရတနာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

**ချမှတ်ပေး**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက နိုင်ငံတော်က Good Governance သို့ ဦးတည်ဆောင်ရွက်နေချိန်တွင် ဝန်ထမ်းများအနေဖြင့် ရိုးသားကြိုးစားပြီး e-Government ကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးသည် အရေးကြီးကြောင်း၊ ယနေ့ကမ္ဘာ့စက်သုံးဆီဈေးသည် အဆမတန်မြင့်တက်လျက်ရှိရာ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ်များ ထပ်မံရှာဖွေတွေ့ရှိနိုင်ရေးအတွက် အတွေ့အကြုံ၊ နည်းပညာအသစ်များကို အသုံးချပြီး ကြိုးပမ်းရှာဖွေ တူးဖော်သွားကြရန် ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာ စက်ရုံများ၊ ရေနံချက်စက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ဓာတ်မြေသြဇာကို လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သွားရန်ဖြစ်ကြောင်း၊ စက်သုံးဆီကို ချွေတာသုံးစွဲသွားကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို အစားထိုးပေးနိုင်မည့် Biodiesel နှင့် Gasohol ထုတ်လုပ်မှုတွင် နည်းပညာပိုင်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူထားရသည်ဖြစ်ရာ နိုင်ငံကာ စံချိန်စံညွှန်းနှင့်အညီ ပြည်သူများ သုံးစွဲနိုင်ရေးအတွက် ချမှတ်ထားသော စီမံချက်အဆင့်ဆင့် အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးနှင့် မသမာမှုများ ပပျောက်စေရေးတို့အတွက် သက်ဆိုင်ရာအဆင့်အလိုက် ကြပ်မတ် ထိန်းသိမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် အသေးစိတ်မှာကြားပြီး ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်မြေသြဇာ အထွက်တိုးရေး ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တို့ချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် ၅၉၊ ဗိုလ်ကလေးဈေးလမ်း ကွယ်လွန်သူ ဘိုးဘွားမိဘများနှင့် ခင်ပွန်း ဦးမြင့်သိန်းအားရည်စူး၍ ဒေါ်ရီရီမြင့်နှင့်သားသမီးမြေးမြစ်သားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိရိယ (နန်းမာ) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တို့ချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ တိုက်အမှတ်(၃)၊ အခန်း ၄၀၂၊ ပါရမီအိမ်ရာ လှိုင်မြို့နယ် ၁၆ ရပ်ကွက် ဦးဇော်ဦး-ဒေါ်သင်းသင်းလွင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲနှင့် တရားပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိတော်မူသော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် အနောက်ခင်မကန်တိုက် စည်သာကျောင်း ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတရေသာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တနာရဒအား အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲကို ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး အထူးတရားပွဲကို ဘဒ္ဒန္တဝါယာမိန္ဒ၊ ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တကောသလ္လ (ဓမ္မစေတီ)၊ အရှင်အဂ္ဂသာရ၊ ဘဒ္ဒန္တဥတ္တမသာရတို့က စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ညစဉ် ၇ နာရီမှစ၍ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် ဆံတော်ရှင် ခနေတ်စေတီတော်မြတ်ကြီး ပြန်လည်တည်ထားနိုင်ရေးအတွက် သိမ်ကြီးဈေး အေရုံနှင့်ဘီရုံ သာသနာ့ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များကအလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ခနေတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသွေးနှင့် စေတီတော်ဂေါပက အတွင်းရေးမှူး ဦးသန်းထွန်းအောင်တို့လက်ခံယူစဉ်။**(က-ပ)

## သဲကုန်းမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း (ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ အင်းမ၊ ဝက်ပုတ်)ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အင်းမတပ်နယ် အထကခွဲ၊ ရွာလှ အထကခွဲတို့မှ ၂၀၀၆ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာဖြင့် အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား (၁၈)ကြိမ်မြောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်း အနားကို အောက်တိုဘာ ၄ ရက်တွင် သဲကုန်းမြို့ အခြေခံပညာအထက်တန်း ကျောင်း၌ သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည် ဖြစ်ပါသည်။ ဆုများချီးမြှင့်ရန်အတွက် အလှူငွေများကို ဦးအောင်မြို့ ဖုန်း-၀၁-၆၄၁၁၅၇၊ ဦးသာဦး ဖုန်း-၀၉- ၅၁၀၃၀၈၆၊ ဦးတင်အုန်း ဖုန်း-၀၉- ၅၁၂၁၉၇၃၊ ဦးဝမ်းမြင့် ဖုန်း-၀၉-၅၁၄၀၆၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဓမ္မသဘင် တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပဲခူးတိုင်း သာယာဝတီမြို့ ပြည်တော်သာရပ် ဥတိုကြီးကျောင်း(ခ) မဏိရတနာကျောင်းတိုက်၏ ဦးစီး ပဓာန နာယက ဆရာတော် နယ်လှည့် (ဓမ္မကထိက)နေပြည်တော် အသျှင်နရပတိသည် (၁၃၆၈ ခုနှစ် တော်သလင်းလကွယ်) စက်တင်ဘာ ၂၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် သာယာဝတီမြို့ ဈေးလမ်း သမ္မာဆန္ဒ ဓမ္မာရုံတွင် **'မေတ္တာကိုယ်စီ၊ လူတိုင်းညီ'** အမည်ရသော တရားတော်ကို ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မန်နေဂျာ ဦးလှအောင် သစ်လုံးအရောင်းဌာနစု(၂) အမှတ် ၂၁၈ အခန်း ၂/ခ ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



## အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



## လကမ္ဘာ လေ့လာစူးစမ်းမှု အဖိုးမဖြတ်နိုင်အောင် အကျိုးရှိ

နာဆာအဖွဲ့၏ လကမ္ဘာစူးစမ်းရေးအစီအစဉ်များကို အမေရိကန်နိုင်ငံမှ သြဇာတိက္ကမရှိသော သိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့က အခိုင်အမာထောက်ခံချက် ပေးလိုက်သည်။

**ဖော်ပြ**

လကမ္ဘာက စက်ရုပ်နှင့် လူသားတို့၏ အာကာသလေ့လာရေးအတွက် ကြီးမားသော အခွင့်အလမ်းများပေးသည်ဟု အမျိုးသားသိပ္ပံအကယ်ဒမီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အင်္ဂါဂြိုဟ်ပေါ် ဆင်းသက်ရေး အဆုံးစွန်သော ရည်မှန်းချက်ပန်းတိုင် သတ်မှတ်လျက် အာကာသယာဉ်မှူးများ လကမ္ဘာပြန်သွားရေးကို လွန်ခဲ့သည့် နှစ်နှစ်က သန္နိဋ္ဌာန်ချမှတ်ထားသည်။

**ရည်မှန်းချက်**

၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လကမ္ဘာသို့ အာကာသယာဉ်မှူးများ ဆင်းသက်ရေးရည်မှန်းချက် ပန်းတိုင်ထားလျက် စူးစမ်းလေ့လာရေး အစီအစဉ်၏ ပထမပိုင်းအဆင့်များအတွက် ငါးနှစ်အတွင်း ဒေါ်လာ ၁၂ ဒသမ ၅ဘီလျံ သုံးစွဲရန် လျာထားသည်။

လကမ္ဘာစူးစမ်းမှုက သိပ္ပံပညာရှင်များအတွက် အဖိုးမဖြတ်နိုင်သည့် အသိပညာများကို ရရှိစေသည်ဟုဆို၏။ **(ကိုးကား-အင်တာနက်)**

## သုံးဖက်မြင် ရုပ်မြင်သံကြားများ သုံးနှစ်အတွင်း အသုံးများလာသည်

သုံးဖက်မြင်ရုပ်မြင်သံကြားစက်များကို လာမည့်နှစ်အတွင်းတွင် အများပြည်သူတို့ အသုံးပြုလာကြတော့မည်ဖြစ်ကြောင်း ဥရောပသုတေသန ပညာရှင်များအဖွဲ့က ကြေညာသည်။

**ထုတ်ဖော်**

နိုင်ငံစုံပါဝင်သည့် သုံးဖက်မြင်ရုပ်မြင်သံကြားကွန်ရက်အဖွဲ့ ညှိနှိုင်းရေးမှူး လဗင်အိုနူရယ်က ပြောကြားရာတွင် သုံးဖက်မြင် ရုပ်မြင်သံကြားနှင့် ရုပ်ရှင်တို့မှာ အဆန်းမဟုတ်တော့သည့် အခြေစိုက်အောင် နည်းပညာများ နေသားတကျရှိသွားပြီဟု ပြောနိုင်ကြောင်း ထုတ်ဖော်ပြောဆိုသည်။

**ဖွဲ့စည်းဆောင်ရွက်**

တူရကီနိုင်ငံ ဘီလ်ကင့်တက္ကသိုလ်မှ ပါမောက္ခအိုနူရယ် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သည့် နိုင်ငံစုံပါဝင်သည့် သုံးဖက်မြင်ရုပ်မြင်သံကြား ကွန်ရက်အဖွဲ့ကို နိုင်ငံခုနစ်နိုင်ငံမှ သုတေသနပညာရှင် ၂၀၀ ခန့်ဖြင့် ဖွဲ့စည်းဆောင်ရွက်သည်။

**ဝန်ခံပြောဆို**

သုံးဖက်မြင်ရုပ်မြင်သံကြားစက်များကို နေအိမ်သုံးအတွက် ပြည်သူအချို့က ဝယ်ယူလိုကြမည်ဟုထင်ကြောင်း၊ သို့သော် ဝယ်ယူသုံးစွဲသူများ နှစ်သက်ခြင်းရှိ မရှိ ထိုလုပ်ငန်းအောင်မြင် မအောင်မြင်ကို လူသူမသိကြောင်း ပါမောက္ခ အိုနူရယ်က ဝန်ခံပြောဆိုသည်။ **(ကိုးကား-အင်တာနက်)**



# ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်း မိသားစုများအတွက် ပညာပေးလက်ကမ်းစာစောင်များနှင့် စာအုပ်များဖြန့်ဝေ

လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ရန်ကုန် စက်တင်ဘာ ၂၀

**ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းအတွင်းရှိ အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါလူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထု အခြေပြုရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းပွဲကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ရန်ကုန်တိုင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်းစီမံချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲအတွင်းရေးမှူးဒေါက်တာဒေါ်ခင်မာအေးက ပြည်နယ်နှင့်တိုင်းများအတွင်း စီမံချက်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေးနှင့်ပြုစုစောင့်ရှောက်ရေး လုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

### ပူးပေါင်းဆောင်ရွက်

ဆက်လက်၍မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးကမြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ဖွဲ့စည်းပုံနှင့် ပြည်သူလူထုကျန်းမာရေးလိုအပ်ချက် စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်းအတွင်းရေးမှူး ဒေါ်ယဉ်မြက အိမ်တွင်းလူနာပြုစု စောင့်ရှောက်မှုနည်းများကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ညွန့်က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုသို့ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါ အပါအဝင် တီဘီ ရောဂါနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ဆေးတိုက်ကျွေးခြင်း၊ အာဟာရအတွက် အစားအသောက်နှင့် ဆေးများပေးခြင်း၊ ကျန်းမာရေး ပညာပေးခြင်း၊ အိပ်ချ်အိုင်ဗွီရောဂါပိုးရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကိုယ်ဝန်စောင့်ရှောက်မှု ပုံမှန်စစ်ဆေးမှုခံယူရန် ကျန်းမာရေးပညာပေးခြင်း၊ အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိ နို့တိုက်မိခင်အား ကလေးကို မိခင်နို့တစ်မျိုးတည်းသာ စနစ်တကျ တိုက်ကျွေးရန် ကျန်းမာရေး ပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကြပြီး တီဘီရောဂါလူနာများအား ဆေးဝါးများ ရက်ပျက်မရှိ စနစ်တကျ သုံးစွဲရေးနှင့် မိသားစုများအား ရောဂါကူးစက်မှုမရှိစေရန်ပညာပေးခြင်းနှင့် ကျန်းမာရေးဆေးပေးခြင်း၊ သံဓာတ် အားဆေးများ၊ ဖောလစ်အက်စစ်အားဆေးများ ပေးဝေခြင်းများ ဆောင်ရွက်ကြသည်။



### ဖြည့်ဆည်းဆောင်ရွက်

လူမှုရေးအသင်းအဖွဲ့ဝင်များကလည်း လူနာများအား ဆေးရုံ၊ ဆေးပေးခန်းသို့ ညွှန်ပို့ကူညီခြင်း၊ အာဟာရအတွက် အစားအသောက်များကူညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မိသားစုများအနေဖြင့် လူနာများအား စနစ်တကျပြုစုစောင့်ရှောက်တတ်အောင် အကျိုးရှိစွာ နေထိုင်တတ်ရန်နှင့် ထပ်ဆင့်ရောဂါများကူးစက်မှုမရှိအောင် နေထိုင်ရန် ပညာပေးခြင်း၊ အားပေးကူညီစောင့်ရှောက်ခြင်း၊ လူမှုရေးလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် ပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ၊ စာအုပ်များဖြန့်ဝေပညာပေးကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## မုန်တိုင်းငယ် ရွေ့လျား

ရန်ကုန် စက်တင်ဘာ ၂၀

**ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိကာ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု နေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားမည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။** (သတင်းစဉ်)

**စက်တင်ဘာ ၁၇ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်မောင်အေး အမှတ်(၈၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းတို့ဦးစီး၍ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ကွမ်းအပ်သားမင်းသားကြီးလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်မြက်ပင်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။** (က-ပ)





## ရှမ်းပြည်နယ်( မြောက်ပိုင်း )၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့် ရုပ်မြင်သံကြားဖမ်းစက်နှင့်ရေဒီယိုများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးသည့် အခမ်းအနားတွင် လှူဒါန်းကြသော ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယို ပေးအပ်ပွဲကို စက်တင်ဘာ ၁၀ ရက်က သီပေါမြို့နယ် စံလောင်းကျေးရွာကိုယ့်အားကိုယ်ကိုး ပညာ့အလင်းစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။



### အမှာစကား

အခမ်းအနားတွင် သီပေါမြို့နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများပေးအပ်လှူဒါန်းရခြင်းအကြောင်းနှင့် ကျေးလက်ဒေသ စာကြည့်တိုက်များ ရေရှည်တည်တံ့ထိန်းသိမ်းရေးကိုလည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေငွေရှိန်က လူမှောင်ခိုကုန်ကူးမှု ကာကွယ်ရေးနှင့် မိခင်နှင့်ကလေးများအခြေခံကျန်းမာရေး လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးအောင်က စံလောင်းကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းထွန်းသို့ ၂၁ လက်မ ဆိုနီအမျိုးအစား ရုပ်မြင်သံကြားဖမ်းစက်ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

သီပေါမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ကျေးလက်ဒေသ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားဖမ်းစက် ၂၁လက်မသုံးလုံး၊ ၁၄ လက်မ တစ်လုံးနှင့်ရေဒီယို ၁၆လုံးတို့ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဗီတာမင်အေ ဆေးတိုက်ကျွေး

**အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲကို စက်တင်ဘာ ၁၈ရက်က အမက ၁၂ ကျောင်း၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့်အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ၊ အိုင်အိုဒင်းဆားနှင့် ကြက်ဥများထောက်ပံ့ပြီး ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေ ဆေးတိုက်ကျွေးစဉ်။** (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၉-၂၀၀၆ ရက် (ကြာသပတေးနေ့)**
**(၁၃၆၈ ခုနှစ် တော်သလင်းလကွယ်နေ့)**
**(ဥပုသ်နေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယ ဥပဌာက အနုပညာအဖွဲ့) |
| ၇:၅၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၀၅ | ၆။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၈:၂၀ | ၇။ | အကပဒေသာ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Islands of Dhamma |
| ၈:၅၀ | ၁၀။ | ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း ထံမှ နဝင်္ဂဥပေါသထသီလ ခံယူ ဆောက်တည်ခြင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ရန်ကုန်တိုင်းအခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲတွင် ပထမဆုရ လသာရတနာဝတ်အသင်း (အထက-၂၊ လသာ) |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၁၇:၀၀ | ၅။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇:၁၀ | ၆။ | **“အဲဒီမှာစတွေ့တာပဲ”** (မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၇:၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇:၃၀ | ၈။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၁၇:၄၅ | ၉။ | **၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၀-၁၅ နှစ်) (အမျိုးသား)** |
| ၁၈:၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၂။ | သီရိဂေဟာ |
| ၁၉:၀၀ | ၁၃။ | တန်ခိုးကြီးမား ထင်ရှားအကျော် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော် |
| ၁၉:၁၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်နတ်သမီး”** (အပိုင်း-၂) |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေးပထမ ချစ်ပုံပြင်”** (အပိုင်း-၁) |
| | ၁၉။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော် |

# ပခုက္ကူခရိုင်၌တည်ဆောက်ပြီးစီးသော ဆည်မြောင်းတာတမံများ၏အကျိုးပြုနိုင်မှုကြောင့် ၂၀၀၅ - ၂၀၀၆ခုနှစ်တွင် မိုးစပါး ၆၈၈၉ ကေစိုက်နိုင်ပြီး ၂၀၀၆ - ၂၀၀၇ခုနှစ်၌ ကေ၉၅၂၀စိုက်ပျိုးရန်လျာထား

■ ရှေ့ဖုံးမှ

ဆည်ငယ်၊ ကန်ငယ် ၇၁ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်တမံ ၄၇ ခု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းက ဦးဆောင်၍ ဆည်တမံ ၂၄ ခုတို့ကို တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။

**တိုးချဲ့ဖော်ထုတ်**

ယင်းသို့ တာဝန်ခွဲဝေတည်ဆောက်ကြရာတွင် ဒေသဆိုင်ရာမှ တာဝန်ယူတည်ဆောက်ခဲ့သော ဆည် ၂၄ ခုမှာ လုပ်ငန်းများအားလုံးပြီးစီးခဲ့ပြီးဖြစ်၍ အကျိုးပြုဧရိယာ ၁၀၃၆ ဧကကို တိုးချဲ့ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

**အကျိုးပြုဧက**

ဒေသမှဆောင်ရွက်အကောင်အထည်ဖော်ခဲ့သည့် ဆည် ၂၄ ခုတို့မှာ ပခုက္ကူမြို့နယ်တွင် သုံးခု၊ ပေါက်မြို့နယ်၌ ၁၀ ခု၊ မြိုင်မြို့နယ်၌ငါးခုနှင့် ရေစကြိုမြို့နယ်၌ ခုနစ်ခုဖြစ်သည်။ ထိုနည်းတူစွာ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်သော ဆည် ၄၇ ခုအနက် တည်ဆောက်ပြီးစီးသော ဆည် ၂၆ ခု ရှိ၍ အကျိုးပြုဧရိယာဧက ၃၈၂၂ ဧကကိုအကျိုးပြုဖော်ထုတ်ပြီးဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနမှတည်ဆောက်ပြီးစီးခဲ့သောဆည် ၂၆ ခုတို့မှာ ပခုက္ကူမြို့နယ်တွင်လေးခု၊ ပေါက်မြို့နယ်တွင်လေးခု၊ မြိုင်မြို့နယ်တွင်ခုနစ်ခု၊ ရေစကြိုမြို့နယ်တွင်တစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ၁၀ခုဖြစ်သည်။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မကွေးတိုင်း ပခုက္ကူ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ မြိုင်မြို့နယ် သဒွတ်ကျေးရွာအနီး သဒွတ်ချောင်းကိုပိတ်၍ မြေသားတမံအမျိုးအစား သဒွတ်ရေလှောင်တမံတည်ဆောက်လျက်ရှိရာ ယာယီရေလှောင်တမံဖြင့် ရေသိုလှောင်ထားသည်ကို ဤသို့တွေ့ရသည်။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



**ဆည်မြောင်းဦးစီးဌာန မကွေးတိုင်း ညွှန်ကြားရေးမှူး(ထိန်းသိမ်းရေး)ရုံးမှ ပခုက္ကူမြို့နယ် ချိုင်းကျေးရွာအနီးတည်ဆောက်ထားသော ခင်ကြီးဘလောက်ရေလှောင်တမံတွင်ပါဝင်သည့် ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှုကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ထိန်းသိမ်းရေး)ရုံးကတာဝန်ယူ၍ ပခုက္ကူမြို့နယ် ချိုင်းကျေးရွာအနီး ကန်ကြီးပေါက်လျှိုကိုပိတ်၍ မြေသားတမံအမျိုးအစားတည်ဆောက်ထားသည့် ခင်ကြီးဘလောက်ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုမြင်ကွင်း။**
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ရန်ဖြစ်သော ဆည်၄၇ခုအနက် ပြီးစီးသွားသောဆည်၂၆ခုရှိ၍ ဆက်လက်တည်ဆောက်ရန်ကျန်ရှိသော ဆည်မှာ၂၁ခုရှိရာ ၎င်းတို့မှာ ဆိပ်ဖြူမြို့နယ်တွင်ခြောက်ခု၊ ရေစကြိုမြို့နယ်တွင် နှစ်ခု၊ မြိုင်မြို့နယ်တွင်ရှစ်ခု၊ ပခုက္ကူမြို့နယ်၌သုံးခု၊ ပေါက်မြို့နယ်တွင် နှစ်ခုတို့ဖြစ်သည်။



21-9 (08) 1 9/21/06, 1:08 AM

# ဆည်တမံပေါင်း ၂၁ ခုကို လာမည့်နှစ်တွင် ပြီးစီးရန်သတ်မှတ်ထား ၂၀၀၆-၂၀၀၇ ခုနှစ်၌ စိုက်ဧက ၃၆၇၀ ထပ်မံထွက်ပေါ်လာမည်




## စဘောရေလှောင်တမံ

**ဆည်မြောင်းဦးစီးဌာန မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ပခုက္ကူမြို့နယ် စဘောရွာသစ်အနီး ရေငံချောင်းကို ပိတ်၍ မြေသားတမံအမျိုးအစားတည်ဆောက်မည့် စဘောရေလှောင်တမံကို စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့စဉ်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

### တာဝန်ယူတည်ဆောက်

ဆက်လက်တည်ဆောက်သွားမည့်ဆည် ၂၁ ခုကိုသတ်မှတ်ကာလပြီးစီးနိုင်ရန်အတွက် မကွေးတိုင်းဆည်မြောင်းဦးစီးဌာနထိန်းသိမ်းရေးမှ ခြောက်ခု၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ပြည်မှ သုံးခု၊ ဆည်မြောင်းတည်ဆောက်ရေး(၃)မကွေးမှ ခုနစ်ခု၊ ဆည်မြောင်းတည်ဆောက်ရေး(၈)မကွေးမှ ငါးခုတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

### စိမ်းလန်းစိုပြည်ရေး

ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့်ရေရရှိရေးအတွက် ဆည်များတည်ဆောက်ရာတွင် ဒေသအာဏာပိုင်အဖွဲ့အစည်းမှ ဦးဆောင်ဆောင်ရွက်၍ ရာနှုန်းပြည့်ပြီးစီးခဲ့သော ဆည် ၂၄ ခုတို့မှာ ပခုက္ကူမြို့နယ် နှောကုန်းရေတံခါးတပ်ဆင်ခြင်း၊ ချိုက်တမံရေလှောင်တမံ၊ ရှာဒူးတမံနှင့်ပေါက်မြို့နယ်တွင် သဖန်းချောင်းရေလှောင်တမံ၊ ရွှေဘုံသာမြောင်းတိုးချဲ့ခြင်း၊ ငွေဂုံမြောင်းတိုးချဲ့ခြင်း၊ ပင်ထောင်ကန်ပြုပြင်ခြင်း၊ ဖိုးဖြူလုံးကန်ပြုပြင်ခြင်း၊ ပင်ထောင်မြောင်းတိုးချဲ့ခြင်း၊ အောင်ချမ်းသာမြောင်းတိုးချဲ့ခြင်း၊ လင်ထောင်မြောင်း၊ အင်းငယ်မြောင်း၊ ကိုင်းမမြောင်းတည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

### မြိုင်မြို့နယ်

မြိုင်မြို့နယ်တွင် ယမ်းထုံးတမံ၊ ဘိုကွယ်တမံ၊ ဖလန်းနွယ်တမံ၊ ဆိတ်ဆင်းတမံ၊ ထန်းပင်ငယ်တမံတည်ဆောက်ခြင်းနှင့်ရေစကြိုမြို့နယ်၌ ဆင်တန့်နားဆည်ရေတံခါးတပ်ဆင်ခြင်း၊ တောင်ဦးဆည် သဲနုန်းတူးခြင်း၊ မြေနီကုန်းဆည်ဘောင်မြင့်မြောင်းဖောက်ခြင်း၊ မြေခဲတောင်ဆည်ပေါင်မြှင့်ခြင်း၊ ခွေးမြှုပ်ဆည်ပြုပြင်ခြင်း၊ ကိုင်းမကြီးဆည် တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အလားတူပင် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ပြီးစီးသွားသော ဆည် ၂၆ ခုတို့မှ ပခုက္ကူမြို့နယ်တွင် ကိုင်းတမံ၊ အင်းဘတ်တမံ၊ ခင်ကြီးဘလောက်တမံ၊



ဂျိုးပုံတမံတို့ကိုလည်းကောင်း၊ ပေါက်မြို့နယ်တွင် ဖားအမြောင်းချဲ့ခြင်း၊ သီးခြောက်မြောင်းပြုပြင်ခြင်း၊ ညောင်ဝန်းမြောင်းဖောက်ခြင်း၊ ကျားရေလွှဲဆည် အဆင့်ဆင့်တည်ဆောက်ခြင်းနှင့် မြိုင်မြို့နယ်တွင် ကြက်မောက်တောင်ရေပေးမြောင်းပြုပြင်ခြင်း၊ မြိုင်ချောင်းတမံရေပေးမြောင်းပြုပြင်ခြင်း၊ မကျီးစုတမံတည်ဆောက်ခြင်း၊ ထန်းရင်းကုန်းဆည် တည်ဆောက်ခြင်း၊ သစ်ကြီးတောတမံ၊ သီရိနန္ဒာတမံ၊ တွင်းမတမံတည်ဆောက်ခြင်းပြုလုပ်ခဲ့ကြသည်။

### တည်ဆောက်ပြီး

ထို့ပြင်ရေစကြိုမြို့နယ်၌ ဆင်ချောင်းတမံရေပေးမြောင်းပြုပြင်ခြင်း၊ ဆိပ်ဖြူမြို့နယ်၌ ဝန်လိုတမံရေပေးမြောင်းပြုပြင်ခြင်း၊ ဝန်ယူတမံရေပေးမြောင်းပြုပြင်ခြင်း၊ အုန်းမှင်တမံ၊ တဲကြီးတမံ၊ နုန်းတင်တမံ၊ ကျစ်ပြင်တမံ၊ ပန်းပေါက်တမံ၊ ရိုးကြီးတွင်းတမံ၊ ဝန်ချောင်းဆည်မှ ထန်းကုန်းလျှိုဖြတ်ခြင်း၊ ဖိုးနီတမံတည်ဆောက်ခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့သည်။

### ဆက်လက်ကြိုးပမ်း

ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့်စိုက်ပျိုးရေရရှိရေးလုပ်ငန်းစီမံချက်အရ ဆည်မြောင်းတမံ ၇၁ ခုအနက် ဆက်လက်တည်ဆောက်ရန်ကျန်ရှိသော လုပ်ငန်း ၂၁ ခုတို့ကို ဆည်မြောင်းဦးစီးဌာနက သတ်မှတ်ချိန်အပြီး တည်ဆောက်ရန်အတွက် ဆောင်ရွက်ရာတွင် မကွေးတိုင်းဆည်မြောင်းဦးစီးဌာနထိန်းသိမ်းရေးမှ ဆိပ်ဖြူမြို့နယ်မှ တမာတမံ၊ ရေပုတ်တမံ၊ တံခွန်တမံ၊ ရေစကြိုမြို့နယ်မှ ငွေးချိုတမံနှင့်ဆင်ကြို့တမံ၊ မြိုင်မြို့နယ်မှ ကျောက်ဆောက်တမံတို့ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ထို့နည်းတူစွာပင် တည်ဆောက်ရေး(၂)မှ ပခုက္ကူမြို့နယ် စဘောတမံ၊ မြင်းတပ်တမံ၊ မကျီးသုံးပင်တမံကိုလည်းကောင်း၊ တည်ဆောက်ရေး(၃)မှ မြိုင်မြို့နယ် ပဒိုင်းတမံ၊ မိုးနတ်တမံ၊ မင်းကန်တမံ၊ ပေါက်မြို့နယ် သုံးမွှာတမံ၊ ဆိပ်ဖြူမြို့နယ် သက္ကယ်ကျင်းတမံ၊ ငချဉ်တမံ၊ ကဗွန်းမတမံတို့ကိုလည်းကောင်း၊ တည်ဆောက်ရေး(၈)မှ မြိုင်မြို့နယ် သဒ္ဒတ်တမံ၊ ဝယ်တောင်တမံ၊ လပနတမံ၊ တောင်ယမားမြောင်းနှင့် ပေါက်မြို့နယ်မှ သရက်တမံတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### ထပ်မံထွက်ပေါ်

ဆက်လက်တည်ဆောက်ရန်ကျန်ရှိသော ဆည်တာတမံ ၂၁ ခုတို့ကို တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ် မတ်လ၌နောက်ဆုံးထား၍ ပြီးစီးရန် လုပ်ဆောင်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၃၆၇၀ ထပ်မံထွက်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ပခုက္ကူခရိုင်တွင် စိမ်းလန်းစိုပြည်ရေးနှင့်စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ပြီးစီးသောဆည်မြောင်းတာတမံများ၏အကျိုးပြုနိုင်ခြင်းကြောင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါး ၆၇၆၅ ဧက၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ၆၈၈၉ ဧကစိုက်ပျိုးနိုင်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၉၅၂၀ စိုက်ပျိုးရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း ကွင်းဆင်းလေ့လာတင်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

## ဆင်ကြို့ရေလှောင်တမံ

**ဆည်မြောင်းဦးစီးဌာန ပခုက္ကူမြို့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ တာဝန်ယူ၍ ရေစကြိုမြို့နယ် ကြူရွာကျေးရွာအုပ်စု ဆင်ကြို့ရွာအနီး မကျီးချောင်းကိုပိတ်၍ တည်ဆောက်မည့် ဆင်ကြို့ရေလှောင်တမံကို စက်ယန္တရားများဖြင့် တမံအောက်ခြေရှင်းခြင်းလုပ်ငန်းများ ဤသို့ ဆောင်ရွက်ခဲ့သည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

## မကျီးသုံးပင်ရေလှောင်တမံ

**မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ယူ၍ ပခုက္ကူမြို့နယ် မကျီးသုံးပင်ရွာအနီး တယ်ပင်ရိုးချောင်းကိုပိတ်၍ မြေသားတမံအမျိုးအစား မကျီးသုံးပင်ရေလှောင်တမံကို စက်ယန္တရားများဖြင့် မြေသယ်ခြင်း၊ မြေကြိတ်ခြင်း၊ ရေဖျန်းခြင်းလုပ်ငန်းများကို ဤသို့ဆောင်ရွက်လျက်ရှိသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



# စားသုံးသူများတိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်များ

မောင်တင်လှိုင်
(ဟိုတယ်/ခရီး)

ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန် မြန်ဆန်ရေးတို့အတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်လျက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်လျက်ရှိနေပါသည်။ စီမံရေးရာဌာန၊ သယ်ယူပို့ဆောင်ရေးဌာန၊ အင်ဂျင်နီယာဌာန၊ ရေကြောင်းဌာန၊ ငွေစာရင်းဌာန၊ ကုန်ပို့ဆောင်ရေးဌာန၊ စစ်ဆေးရေးဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရည်မှန်းချက်ဆောင်ပုဒ်ဖြစ်သော ရေယာဉ်နှင့်ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး (Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး (Service)၊ လုပ်ငန်းခွင်အသွင်အပြင်ကောင်းမွန်ရေး(Image) ဆောင်ပုဒ်များအတိုင်း ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသည်နှင့် မော်တော်ယာဉ် သွားလာမှု အဆင်ပြေစေရေးအတွက် ကူးတို့လမ်းများ ပြေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင် ကုန်ပစ္စည်းများ ပို့ကုန်/သွင်းကုန်ပစ္စည်းများ၊ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲသည် ပြည်သူတို့အတွက် အစဉ်အလာမပျက် ပြေးဆွဲလျက်ရှိသော ဈေးသင်္ဘောကြီးများကို ရန်ကုန်၊ မန္တလေး ခရီးစဉ်တစ်လျှောက် ပြေးဆွဲနေခြင်း၊ မြစ်ဝကျွန်းပေါ်ဌာနခွဲသည်လည်း မြစ်ဝကျွန်းပေါ်ဒေသအသီးသီးသို့ သင်္ဘောများပြေးဆွဲနေခြင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ လုပ်ငန်းဌာနခွဲများမှ သင်္ဘောများပြေးဆွဲနေခြင်းစသည်ဖြင့် စီစဉ်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရန်ကုန်-လပွတ္တာနှင့် ရန်ကုန်-ဘိုကလေး ကုန်တင်အမြန်ရေယာဉ် လိုင်းသစ်များကို ၁၂-၆-၂၀၀၆ရက်နေ့က စတင်ဖွင့်လှစ်လျက်ရှိပြီး ၂၄-၆-၂၀၀၆ရက်နေ့တွင် မန္တလေး-ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ဖွင့်ပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ပုံမှန်ပြေးဆွဲပေးနေသည့် ရေယာဉ်များနည်းတူ ဈေးနှုန်းတစ်ပြေးညီဖြင့် ကောက်ခံသွားမည်ဖြစ်သည်။ စားသုံးသူ ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိရေးအတွက် ကုန်တင်ရေယာဉ်(အမြန်)လမ်း ပြေးဆွဲပေးခြင်းဖြစ်သည်။ ပုံမှန်ရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ကမ်းများအားလုံးကို ဆိုက်ကပ်မည်မဟုတ်ဘဲ၊ လူနှင့်ကုန်စည်အများဆုံး အတင်အချ ပြုလုပ်နိုင်သည့် ဆိပ်ကမ်းများ၌သာ ဆိုက်ကပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ယင်းသို့ ကုန်တင်ရေယာဉ်များ ပြေးဆွဲပေးခြင်းဖြင့် အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ရေထွက်ပစ္စည်းများ၊ မန္တလေးတိုင်းမှ ထွက်ရှိသော ကုန်ပစ္စည်းများသည် မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ထွက်ရှိသော ကုန်ပစ္စည်းမျိုးစုံကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း ပုံမှန်ရောက်ရှိမည်ဖြစ်သည့်အတွက် များစွာအကျိုးသက်ရောက်မှု ရရှိစေပါသည်။**

မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ပြေးဆွဲသည့် ရန်ကုန်-လပွတ္တာကုန်တင်ရေယာဉ်(အမြန်)လမ်းနှင့် ရန်ကုန်-ဘိုကလေး ကုန်တင်ရေယာဉ်(အမြန်)လမ်းများကို ဒေသများ၏ လိုအပ်ချက်အရ တိုးချဲ့ပြေးဆွဲခြင်းဖြစ်ပါသည်။ ရန်ကုန်မှ လပွတ္တာသို့ အတွင်း/အပြင်လမ်းဖြင့် ပြေးဆွဲလျက်ရှိရာ ရန်ကုန်-လပွတ္တာအပြင် အထူးအမြန် ကုန်တင်ရေယာဉ်ခရီးစဉ်ကို ရန်ကုန်မှ တနင်္လာ-သောကြာနေ့တို့တွင် မွန်းလွဲ ၂နာရီတွင် ထွက်ခွာပြီး ရွှေလောင်း-ကထရံ-ကန်ဘဲ့-ဘီတွတ်ဆိပ်ကမ်းများတွင် ဆိုက်ကပ်၍ လပွတ္တာမြို့သို့ နောက်တစ်နေ့ မွန်းတည့် ၁၂နာရီတိတိတွင် ဆိုက်ရောက်မည်ဖြစ်သည်။ လပွတ္တာမှ ရန်ကုန်သို့ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့တို့တွင် နံနက် ၇နာရီအချိန်မှ စတင်ထွက်ခွာပြီး အလာခရီးစဉ်အတိုင်း ရပ်နား၍ ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက်၆နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ရန်ကုန်-ဘိုကလေး အထူးအမြန် ကုန်တင်ရေယာဉ် ခရီးစဉ်ကို ရန်ကုန်မှ တနင်္လာနှင့်ကြာသပတေးနေ့တိုင်း ညနေ၆နာရီခွဲတွင် စတင်ထွက်ခွာပြီး ဘိုကလေးမှ အင်္ဂါနှင့်သောကြာနေ့တို့တွင် ညနေ၅နာရီတွင် စတင်ထွက်ခွာပါမည်။ အသွားအပြန် မြင်းကကုန်းဆိပ်တွင် ရပ်နားမည်ဖြစ်ပြီး၊ ရန်ကုန်မြို့သို့ နောက်တစ်နေ့ နံနက်၅နာရီတွင် ရောက်ရှိမည် ဖြစ်ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်စီး ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းလိုက်ပါရေးအတွက် စေတနာရှေ့ထား ဆောင်ရွက်လျက်ရှိပြီး မိမိဝန်ဆောင်မှုဖြင့် ဌာန၏ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရန်အတွက်လည်း ရည်ရွယ်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေများ တိုးတက်လျက်ရှိကြောင်းလည်း သိရသည်။

ရေယာဉ်မှူးများနှင့် ဝန်ထမ်းများသည် စီမံခန့်ခွဲရေးဆိုင်ရာတို့၏ ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ အရေးကြုံလာခဲ့သော် နိုင်ငံပိုင်ပစ္စည်းများ၊ သမဝါယမပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ခရီးသည်များ၏ အသက်များ မဆုံးရှုံးရအောင် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြရာ များစွာဂုဏ်ယူမိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နိုင်ငံတော် စီမံကိန်းဝင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်ကိုလည်း လိုအပ်လာသည့် အချိန်ပိုင်းတွင် မူလတာဝန်ဖြစ်သည့် ခရီးသည်နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် ဝန်ဆောင်မှု လုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေဘဲ စီစဉ်ဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရပါသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဆောင်ပုဒ်ဖြစ်သည့် "များများသယ်၊ မြန်မြန်ပို့၊ ပြည်သူစိတ်ချမ်းသာဖို့" ဟူသော ပို့ဆောင်ရေးဝန်ကြီး၏ ညွှန်ကြားချက်ကိုခံယူကာ ဆောင်ရွက်နေသည့်အတွက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

ယခုကာလတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်ခရီးသည်-ကုန်ရေယာဉ်လမ်း(Passenger Cum-Cargo-Service)အပြင် ကုန်တင်ရေယာဉ်(အမြန်)လမ်း(Special Cargo Service)ပြေးဆွဲမှုကို သင့်လျော်သည့် ရေယာဉ်များ အသုံးပြု၍ အချိန်တိုအတွင်း ကုန်စည်များ လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေ တိုးတက်ရရှိအောင် စီမံဆောင်ရွက်နေပါသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် စက်ရှိ/စက်မဲ့၊ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆စင်းကိုအသုံးပြုပြီး ခရီးမိုင်ပေါင်း ၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂ ခုပြေးဆွဲပြီး ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေစုစုပေါင်း ကျပ် ၃၉၄၈ဒသမ၀၅သန်းနှင့် နိုင်ငံခြားငွေ ဒေါ်လာ ၀ဒသမ၆၅သန်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စက်တပ်ရေယာဉ်များ အသုံးပြုမှုကို ၁၈၆၅ခုနှစ်ကတည်းက စတင်ခဲ့သည်။ ၁၉၈၉ခုနှစ် ဧပြီလ ၁ရက်နေ့တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအမည်ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဧရာဝတီမြစ်၊ချင်းတွင်းမြစ်၊မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်၊ မွန်နှင့်ကရင်ပြည်နယ်ရှိ စီးပွားဖြစ် ကူးသန်းသွားလာနိုင်သော ရေကြောင်းလမ်းများမှာ ခရီးမိုင်ပေါင်း ၇၄၉၃မိုင်ဖြစ်ပြီး၊ တစ်နှစ်လျှင် ခရီးသည် ၂၅သန်းခန့်နှင့် ကုန်တန်ချိန် ၄ဒသမ ၃သန်းခန့်ကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးလျက်ရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာန(ဧရာဝတီဌာနခွဲ)၏ မန္တလေး-ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၄-၆-၂၀၀၆ ရက်တွင် မန္တလေးမြို့ရှိ ဂေါဝိန်ဆိပ်ကမ်း၌ ကျင်းပခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက **"နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးတို့ကို အဓိက အထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို ဇွန်၁၂ရက်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ဧရာဝတီဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း။**

မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လတွင် ဆန်တန် ၁၀၀၊ **ဟင်းချက်ဆီ ၁၄၅တန်၊ ဆား ၁၉၆ဒသမ ၅တန်၊ ကြက်သွန် ၃၄၆ဒသမ ၂တန်၊ ပဲတီစိမ်း၊ ပဲပုပ်စေ့ ၁၇၉ ဒသမ ၇တန်၊ ငရုတ်အိတ် ၂ဒသမ ၃တန်၊ ဘိလပ်မြေ ၅၅၅တန်နှင့် သံထည်ပစ္စည်း ၁၉၁ ဒသမ ၅ တန်၊ ကြက်စာ ၁၆၇ဒသမ ၂တန်၊ ဖွဲနု ၁ဒသမ ၆တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၉၃၈တန် စုစုပေါင်း ၃၈၂၃တန် မန္တလေးမြို့မှ ထွက်ရှိပြီး တစ်လတွင် မြေပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ တန် ၁၉၁၀၊ သံနှင့် သံထည်ပစ္စည်း ၁၁တန်၊ ဖွဲနု ၁၃၂တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၄၃၁တန် စုစုပေါင်း ၃၄၈၄တန် မန္တလေးသို့ အဝင်ရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဝန်ထမ်းများအနေဖြင့် လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေဖြစ်သော ပိုမိုပြီး လုပ်ငန်းအဆင်ပြေချောမွေ့သော နည်းလမ်းအသစ်များ ကြံဆ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မန္တလေးတိုင်းသည် လူဦးရေ ၇ဒသမ ၆သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို အထူးတာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှု ပြုခဲ့ကြောင်း။**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် စက်ရှိစက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း ၅၁၆စင်းကို အသုံးပြုပြီး ခရီးလမ်းမိုင်ပေါင်း ၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂လမ်းပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ အားထားမှုကို တည်ဆောက်နိုင်ပြီး ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည် ဖြစ်ကြောင်း။**

**ယခုစတင်ပြေးဆွဲမည့် မန္တလေး-ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်)လမ်းများ ပြေးဆွဲမှုအောင်မြင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အခြား ဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ်(အမြန်)လမ်းများ တိုးချဲ့ ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်"** တိုက်တွန်း ပြောကြားသွားခဲ့ပါသည်။

ယခုဆောင်ရွက်လျက်ရှိသည့် ကုန်စည်များကို အမြန်ပို့ဆောင်ရေး လုပ်ငန်းသည် စားသုံးသူပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည် ဖြစ်၍ စေတနာရှေ့ထားကာ ကုန်တင်ရေယာဉ် အမြန်လမ်းသစ် ပြေးဆွဲမှုကို မဖြစ်မနေအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> ကုန်တင်ရေယာဉ်များ ပြေးဆွဲပေးခြင်းဖြင့် အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ မန္တလေးတိုင်းမှထွက်ရှိသော ကုန်ပစ္စည်းများ သည် မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ထွက်ရှိသောကုန်ပစ္စည်းမျိုးစုံကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း ပုံမှန်ရောက်ရှိမည် ဖြစ်သည့်အတွက် များစွာအကျိုးသက်ရောက်မှုရှိ။




## ဂုဏ်ပြုဆုချီးမြှင့်

**မရမ်းကုန်းမြို့နယ် အထက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်က တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင် မသီသီအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၁၉၂)

## ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၀၇ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ဖွံ့ဖြိုးသာစွ တို့ပြည်အလှ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် သက်ဆိုင်ရာက ဖိတ်ခေါ်ထားသည်။ ရိုက်ကူး ယှဉ်ပြိုင်ရမည့် အကြောင်းအရာမှာ တိုင်းပြည်၏ ဖွံ့ဖြိုး တိုးတက်မှုများ၊ ယဉ်ကျေးမှုများ၊ ရှုခင်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုများကို ဖော်ညွှန်း ရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန်ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ၊ ၁၄လက်မဖြစ်ပြီး အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ၁၅ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် စာတည်းမှူး (ထုတ်လုပ်ရေးဌာနခွဲ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၁၃၄၂၊ ၃၇၁၃၄၀တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၇ရက်က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ ပန်းတင်ခုံ သံပန်းကာရန် တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်နေ ဒေါက်တာ ကျော်တင်မောင်၊ ဒေါ်ဖြူဖြူအောင်၊ သားမောင်ရဲကျော်သူ၊ မောင်ရဲထွန်းကျော်၊ (ကျော် သွားဆေးခန်း)မိသားစုက အလှူငွေ ကျပ်နှစ်သိန်းငါးသောင်းကို ဩဝါဒါစရိယ (ပျော်ဘွယ်) ဆရာတော် ဦးနာရိန္ဒ ထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ဝင် ဦးရှုအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

## ကျောက်တန်းမြို့ ရှေးဟောင်းဘုရားများ ရွှေသင်္ကန်းကပ်ရန် အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် လမ်းမတော်လမ်း အမှတ် ၁၁၂ နေ ဦးတင်ငွေ-ဒေါ်ခင်ခင်မြင့် မိသားစုက အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအား ရည်စူး၍ ကျောက်တန်းမြို့ရှိ ရှေးဟောင်းဘုရား ခုနစ်ဆူ ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူတော်ငွေကျပ် ၂၁သိန်းနှင့် ပရိယတ္တိစာသင်တိုက် ကိုးတိုက်အတွက်ငွေပဒေသာပင်၁၈သိန်း၊ သာသနာ့ဗိမာန်တော်ကြီး ပြုပြင်ရန်အတွက် အလှူငွေကျပ် နှစ်သိန်း၊ ပြည်သူ့ဆေးရုံကြီး အခမဲ့ဆေးကုသမှု ကော်မတီအတွက်အလှူငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူတော်ငွေကျပ်၄၃သိန်း လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက်၉နာရီက ကျောက်တန်းမြို့နယ် လမ်းမတော်လမ်း အမှတ်၁၁၂ ဦးတင်ငွေ- ဒေါ်ခင်ခင်မြင့် မိသားစု၏ နေအိမ်၌ ကျင်းပသည်။

**ဆက်ကပ်**

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိလာသက ရေစက်ချ အနုမောဒနာတရား ဟောကြားတော်မူပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(က-ပ)**



ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၉ရက်က အမှတ်၄၁ တိုးချဲ့ရပ်ကွက် စီးပွားကူးသန်း ဝန်ထမ်း အိမ်ရာရုံးခန်းမ ပညာတန်ဆောင်စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်လှလှဌေးနှင့် တိုးချဲ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးတင်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မွန်ပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အခမ်းအနားကျင်းပ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူကျောင်းသားများဆုချီးမြှင့်



ရန်ကုန် စက်တင်ဘာ ၂၀

**၂၀၀၆ခုနှစ် မွန်ပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် အခမ်းအနားနှင့် အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ကျောင်းသူများ စာတတ်မြောက်ရေး လုပ်ငန်းတွင် ကူညီပံ့ပိုးခဲ့သော လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုဆုပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၈ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမတွင် ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်ပြည်နယ်၁၀မြို့နယ်မှ မြို့နယ်ပညာရေးမှူးများ၊ ဆုရကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အခမ်းအနားတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မွန်ပြည်နယ် ပညာရေးမှူး ဦးထွန်းရီက နိုင်ငံတကာနှင့် မြန်မာနိုင်ငံစာတတ်မြောက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲဝင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကူညီပံ့ပိုးခဲ့ကြသည့် လူမှုရေး အဖွဲ့အစည်းများအား တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ခင်းကျင်းပြသထားသော ပြခန်းအားတိုင်းမှူးနှင့်ဇနီးတို့က ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)** **(၁၆၈)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ ကျင်းပမည်

## ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒစ်ဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပမည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာတွင် ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ပြပွဲ၊ပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါ လိုက်နာစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဦးတည်ရန်တို့ဖြစ်သည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲအတွက် စုပေါင်းကာကွယ် လမ်းအန္တရာယ်ထိခိုက်မှုမှ ကင်းစေမယ်(Road Safety is No Accident)၊ အသိနဲ့ပြင် သတိနဲ့ယှဉ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေး လမ်းကြောင်းမှန်စွာ မောင်းနှင်ပေး၊ အမှားတစ်ချက် အသက်ပေါင်းများစွာ ခေါင်းစဉ်များဖြင့် ကြိုက်နှစ်သက်ရာ ရေးသားနိုင်သည်။

**စာစီစာကုံးပြိုင်ပွဲ**

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား၊ ကျောင်းသူများဖြင့်သာ ယှဉ်ပြိုင်စေပြီး ခေါင်းစဉ်အဖြစ် **"ပြိုင်ပွဲဝင်ရန် သတ်မှတ်ခေါင်းစဉ်"** သတ်မှတ်ထားသည်။ အခြေခံပညာဦးစီးဌာနအနေဖြင့်သာ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသူသုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူငါးဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ တတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ တစ်စောင်တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀မှ ၁၀၀၀၀အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ**

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက်ပုံများကို ၁၅လက်မx ၂၀လက်မ အရွယ်အစား နှစ်သက်ရာစက္ကူ၊ ဆေး၊ ရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ သရုပ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏ နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်း မပြုရ။ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floppy Disk သို့မဟုတ် Compact Disk (CD - ROM)တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြင့် ပေးပို့ရမည်ဖြစ်သည်။

**ဓာတ်ပုံပြိုင်ပွဲ**

ဓာတ်ပုံပြိုင်ပွဲအတွက် ပုံများကို အစက်အပြောက် ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများ မပြုလုပ်ရ၊ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာ ပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒစ်ဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။ ထိုသို့အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံပညာရှင်၏အမည်ကိုဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့်ကြော်ငြာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရဓာတ်ပုံများ၏နဂိုတစ်(သို့မဟုတ်) ဆလိုက်(သို့မဟုတ်)ဒစ်ဂျစ်တယ်ကင်မရာဖြင့်ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 300 dpi နှင့် ၆လက်မ × ၉လက်မအရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်း ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသောပုံများကို ဆုရစာရင်းမှပယ်ဖျက်၍ ယင်းနေရာတွင် အောက်မှပုံများကို အစဉ်အတိုင်းအစားထိုးမည်ဖြစ်သည်။ အဆိုပါဆုရပုံများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက မူပိုင်အဖြစ် လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသော ပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀လက်မ × ၁၄လက်မ (ဆေးရောင်စုံဓာတ်ပုံ)ဖြစ်သည်။

**ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ**

ယခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။

ခရိုင်အဆင့် ပြိုင်ပွဲကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ယှဉ်ပြိုင်ခဲ့ပြီး ကျောင်းများတွင် ထုတ်ပေးထားသော **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ရုပ်ပြစာအုပ်မှ မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့် ပြိုင်ပွဲအား စက်တင်ဘာ နောက်ဆုံးပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။

**ပေးပို့ရမည်**

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီး အောင်နိုင်(၅၁)လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၈၆၅၁သို့လည်းကောင်း၊ ပြိုင်ပွဲဝင် ဒစ်ဂျစ်တယ်ပိုစတာပုံများကို ဦးစိုးမြင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)ဖုန်း-၆၆၄၂၅၄၊ ၆၁၀၆၂၂ လိုင်းခွဲ ၂၀၆ သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉)၊ ၃၅လမ်း(အောက်) ပထမထပ် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

**ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်**

ပြိုင်ပွဲဝင်ပုံများနှင့် စာမူများအားလုံးကို ၂၀၀၆ခုနှစ် အောက်တိုဘာ၁၅ရက် ညနေ၃နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့် စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည် ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖူလ်ဟမ်ကို အနိုင်ကစား၍ မနှစ်ကရှုံးကြွေး ချယ်လ်ဆီးတို့ ဆပ်နိုင်ပါမည်လော မန်ယူနှင့် တက်လူရီဒင်း တွေ့၍ ပို့စ်မောက် ဆက်ဦးဆောင်မည့် ပရီမီယာလိဂ် ပွဲစဉ်(၆)

ရန်ကုန် စက်တင်ဘာ ၂၀

**ပရီမီယာလိဂ်ပွဲစဉ်(၆)ကို စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ဆက်လက်ကစားမည်ဖြစ်ရာ ပရီမီယာလိဂ်အသင်းကြီးများဖြစ်သော မန်ယူနှင့် အာဆင်နယ်တို့ ပွဲချောင်ပြီး ချယ်လ်ဆီးက ဖူလ်ဟမ်နှင့် ဆုံရမည်ဖြစ်သလို လီဗာပူးကလည်း စပါးနှင့် ရင်ဆိုင်ရမည်ဖြစ်ရာ ချယ်လ်ဆီးနှင့် လီဗာပူးတို့ အဝေးကွင်း၌ ရလဒ်ကောင်း အကြိတ်အနယ် ကြိုးစားကြရမည့်ပွဲများပင်ဖြစ်သည်။**

## ရီဒင်းနှင့် မန်ယူ

တန်းစီဇယားထိပ်ဆုံးနေရာကို ဖယ်ပေးလိုက်ရသောမန်ယူတို့ ယခုပွဲ လူသစ်တန်း ရီဒင်းကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမှဖြစ်မည့် အခြေအနေသို့ ရောက်နေသည်။ မန်ယူတို့ ပွဲစဉ်(၅)၌ အာဆင်နယ်ကို ရှုံးခဲ့၍ ချယ်လ်ဆီးနှင့် ပွဲတူ အမှတ်တူ ဖြစ်နေရာ ပွဲတိုင်းအနိုင်ရမှ ဖြစ်တော့မည်။

သို့သော် ရီဒင်းတို့က အိမ်ကွင်း၌ ခြေစွာသည်ဖြစ်ရာ မန်ယူတို့ လွယ်လွယ်ကူကူ အနိုင်ရရန် မလွယ်ချေ။ ရီဒင်းသည် ယခုနှစ်၌ အိမ်ကွင်းတွင် သရေပွဲရှုံးပွဲ မရှိသေးရာ မန်ယူကို ခံကစားမည် ဖြစ်သည်။ မန်ယူတို့အနေဖြင့် နိုင်ပွဲဆက်တိုက်ရရန် လူအခင်းအကျင်းကို ဖာဂူဆန်ပြောင်းရမည်ဖြစ်သည်။



မန်ယူတိုက်စစ်မှူး ရွန်နေ

ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နှင့်ယူရိုခြေစစ်ပွဲများ ဆက်တိုက်ဆင်နွှဲနေသော မန်ယူ၏ အမာခံဘောလုံးသမားများလည်း ပွဲပမ်းနေကြရာ ဖာဂူဆန်၏ ဗျူဟာသည် အရေးကြီးလာသည်။ လူငယ်များဖြစ်၍ ကစားအားကောင်းသော်လည်း ပွဲဆက်များနေသော မန်ယူ တိုက်စစ်မှူးများ အဆုံးသတ်အားနည်းမှုကို အမြန်ပြောင်းလဲမှသာ ယနေ့ပွဲရလဒ်ကောင်းမည် ဖြစ်သည်။

## ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

အိမ်ကွင်းရှုံးပွဲမရှိသေးသော ဖူလ်ဟမ်ကို ချယ်လ်ဆီးတို့ အနိုင်ရရေး ခက်ခက်ခဲခဲ ကြိုးစားရမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အိမ်ကွင်း၌ ဖူလ်ဟမ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည်ဖြစ်ရာ ချယ်လ်ဆီးတို့ အကြွေးဆပ်နိုင်ဖွယ်ရှိသည်။

ဖူလ်ဟမ်သည် အိမ်ကွင်း၌ ချယ်လ်ဆီးကို မည်သို့ ရင်ဆိုင်ရမည်ကို သိထားသည်ဖြစ်ရာ စနစ်တကျ ပြင်ဆင်ကစားမည်သာဖြစ်သည်။ ဖူလ်ဟမ်၏ အားနည်းချက်မှာ နောက်တန်းဟာကွက်ရှိနေခြင်းဖြစ်ရာ ချယ်လ်ဆီးတိုက်စစ်မှူးများ အကြိုက်တွေ့သွားနိုင်သည်။

အနိုင်ရရှိရေးကို ဦးတည်ထားသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း ဒရော့ဘာ၊ ရှက်ဗ်ချင်ကို အတွဲကိုသာ ထုတ်သုံးမည်ဖြစ်ရာ ပွဲတိုင်းနီးပါး ဂိုးသွင်းနေသော ဒရော့ဘာကလည်း ငါးပွဲကစား လေးဂိုးသွင်းထားရာ ယခုပွဲလည်း ဂိုးသွင်းဖွယ်ရှိနေသည်။ ဖူလ်ဟမ် တိုက်စစ်မှူး ဂျင်မင်ဘောလက်ကလည်း အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်သူဖြစ်ရာ ချယ်လ်ဆီးနောက်တန်း သတိထားရမည်ဖြစ်သည်။ သို့သော် ချယ်လ်ဆီးတို့က မနှစ်ကရှုံးကြွေးကို ပြန်ဆပ်မည်ဖြစ်ရာ ချယ်လ်ဆီးတို့ နိုင်ပွဲပင်ဖြစ်သည်။

## အာဆင်နယ်နှင့်ရှက်ဖီး

မန်ယူကို အနိုင်ကစားပြီး နိုင်ပွဲ စတင်ခဲ့သည့် အာဆင်နယ်တို့ စိတ်ဓာတ်တက်ကြွလျက်ရှိရာ အိမ်ကွင်း၌ ရှက်ဖီးကို အနိုင်ကစားမည်ဖြစ်သည်။ အာဆင်နယ် တိုက်စစ်သည် ဂိုးသွင်း စွမ်းရည်ကျဆင်းလျက်ရှိနေရာ မန်ယူကို ကံဖေးမ၍ နောက်ကျဂိုးနှင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရှက်ဖီးသည် လူသစ်တန်းဖြစ်သော်လည်း တိုက်စစ်မှူး ဟူလ်ဆေးက ဂိုးသွင်းနိုင်သူဖြစ်ရာ အာဆင်နယ်နောက်တန်းကို ကျော်ဖြတ်နိုင်ပါက ဂိုးများရသွားနိုင်သည်။ သို့သော် ရှက်ဖီးသည် ငါးပွဲကစား၊ တစ်ပွဲမျှနိုင်ပွဲ မရသေးရာ သရေနှစ်ပွဲနှင့် ကျေနပ်နေရပြီး တန်းစီဇယားအောက်ဆုံး၌ အဆင့်မတက်နိုင်ဘဲ ရှိနေသည်။

စိတ်ဓာတ်တက်ကြွနေသော အာဆင်နယ်တို့ ရှက်ဖီးကို အပေါ်စီးမှ ကစားကာ သုံးမှတ်အပြည့်ရယူမည့် ပွဲပင်ဖြစ်သည်။

## ဗီလာနှင့်ချာလ်တန်

ပုံမှန်ခြေစွမ်းပြနေသော အက်စတွန်ဗီလာသည် အိမ်ကွင်းရလဒ် ကောင်းနေရာ ချာလ်တန်တို့ လက်ရှိအနေအထားနှင့် အနိုင်ရရန် မလွယ်ချေ။ ဗီလာတိုက်စစ်မှူး ပါဘလိုအင်ဂယ်က ဂိုးသွင်းနိုင်သလို အဝင်အထွက် ရဲသူလည်း ဖြစ်သည်။ ချာလ်တန်သည် ယခုနှစ် ခြေစွမ်းတက်မလာဘဲ ရှုံးပွဲများနေရာ တန်းဆင်းဇုန်မှ လွတ်ကင်းအောင်ပင် ကြိုးစားရန်းကန်ရမည့် အခြေအနေရှိသည်။ ချာလ်တန်သည် မနှစ်ကရှုံးကြွေးကို ပြန်မဆပ်နိုင်သည့်အပြင် ရှုံးကြွေးထပ်တင်မည့် ပွဲပင်ဖြစ်သည်။

## လီဗာပူးနှင့် စပါး

သရေပွဲ၊ ရှုံးပွဲများနေသော လီဗာပူးတို့ စပါးကို အနိုင်ရယူရန် သာမန် ကြိုးစားမှုနှင့် မရနိုင်ချေ။ စပါးသည် ခြေတွေ့လျှင် ကစားရခက်သော အသင်းဖြစ်သလို စပါးနောက်တန်း ခံစစ်မှူးများသည် အမှားနည်းစွာ ကစားတတ်ကြသည်။ စပါးတိုက်စစ်သည် ယခုနှစ်၌ အားရဖွယ်မရှိရာ လီဗာပူးတို့



ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာ

ဖိကစားလျှင် နိုင်ပွဲရမည်ဖြစ်သည်။ လီဗာပူးမှ ခရော့ချ်နှင့် အက်ဂါတို့ ဂိုးများဖြင့် သုံးမှတ်ရနိုင်သည့် ပွဲဖြစ်သည်။

မနှစ်ကရလဒ်မှာ လီဗာပူးတို့ တစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိထားရာ ယခုပွဲ လီဗာပူးတို့နိုင်လျှင်လည်း ကပ်နိုင်မည့် အနေအထားရှိသည်။ သို့သော် လီဗာပူးတို့ အမာခံကစားသမားများကို ပွဲထုတ်မှသာ ရလဒ်ကောင်းနိုင်မည် ဖြစ်သည်။

## မန်စီးတီးနှင့် ဝက်စ်ဟမ်း

စုစည်းမှု အားနည်းနေသော မန်စီးတီးတို့ အိမ်ကွင်း၌ နိုင်ပွဲရနိုင်သည်။ အိမ်ကွင်းရှုံးပွဲမရှိသေးဘဲ အနိုင်နှင့် သရေပွဲများရနေသော မန်စီးတီးကို တိုက်စစ်မှူး ဘာတွန်၏ သွင်းဂိုးများဖြင့် အနိုင်ရအောင် ဆောင်ကြဉ်းပေးဖွယ်ရှိနေသည်။ သို့သော် ဝက်စ်ဟမ်းတိုက်စစ်မှူးဇာမိုရာကလည်း ငါးပွဲကစား ငါးဂိုးသွင်းထားနိုင်သူဖြစ်ရာ မန်စီးတီးနောက်တန်း အမှားအယွင်းဖြစ်ပါက ဂိုးများ သွင်းယူမည့်သူဖြစ်သည်။ အဝေးကွင်းနိုင်ပွဲမရသေးသော ဝက်စ်ဟမ်းကို မနှစ်က မန်စီးတီးတို့ နှစ်ဂိုးပြတ်အနိုင်ယူထားမှုကို မည်သို့ချေဖျက်မည်ကို ကြည့်ရမည်ဖြစ်သည်။

## မစ်ဒယ်ဘရော့နှင့်ဘလက်ဘန်း

ခန့်မှန်းရခက်သော မစ်ဒယ်ဘရော့ကို ဘလက်ဘန်းတို့ အကြိတ်အနယ်ကျော်ဖြတ်ရမည် ဖြစ်သည်။ မနှစ်က အဝေးကွင်း၌ပင် ဘလက်ဘန်းတို့က နှစ်ဂိုးပြတ်သွင်း အနိုင်ယူထားသည်ဖြစ်ရာ ယင်းရလဒ်ကိုမစ်ဒယ်ဘရော့တို့ ချေဖျက်မည်ဖြစ်သည်။ မစ်ဒယ်ဘရော့တွင် ဗီဒူကာ၊ မောရစ်ဆင်နှင့် ပိုဂါတက်ဇ်တို့က ဂိုးသွင်းနေကြသလို ဘလက်ဘန်းမှ မက်ကာသေး၊ ပီဒါဆင်နှင့် ဗယ်လာဂါတို့ကလည်း ဂိုးစွမ်းရည်ထက်မြက်သူများဖြစ်သည်။ အိမ်ကွင်းခြေမာသော မစ်ဒယ်ဘရော့တို့ အလေးသာဖွယ်ရှိသည်။

## ဝီဂန်နှင့်ဝက်ဖို့ဒ်

နိုင်ပွဲတစ်ပွဲမျှ မရသေးသော ဝက်ဖို့ဒ်တို့ ယခုပွဲလည်း အနိုင်ကို မျှော်လင့်၍ မရနိုင်ချေ။ ဝီဂန်သည်အိမ်ကွင်း၌ အသင်းကြီးများကိုပင် ခြေရည်တူ ကစားနိုင်သည့်အသင်းဖြစ်သည်။ ဝီဂန်တိုက်စစ်မှူး ပေါလ်ချာနာက ဂိုးသွင်း သေချာသူဖြစ်သလို ဟက်ကားကလည်း အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်သူဖြစ်ရာ ဝက်ဖို့ဒ်တို့ ယခုပွဲ အဝေးကွင်း၌ လက်ချည်းဗလာပြန်ရမည် ဖြစ်သည်။

## နယူးကာဆယ်နှင့် အဲဗာတန်

အိမ်ကွင်း၌ နယူးကာဆယ်တို့ မနှစ်က နှစ်ဂိုးပြတ်အနိုင်ယူခဲ့သည့် ရလဒ်ကို ယခုနှစ်၌ဆက်ပြီး မျှော်လင့်လျှင်မှားမည်ဖြစ်သည်။ ယခုနှစ် အဲဗာတန်တို့က အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲမရှိဖြစ်ရာ ခြေအတက်အကျ မမှန်သော နယူးကာဆယ်ကို ရှုံးကြွေးဆပ်မည်ဖြစ်သည်။ အဲဗာတန်၌ တင်ကာဟေးနှင့် ဂျိမ်းဘတ်တေးတို့က တစ်ဖက်နောက်တန်းကို ခြိမ်းခြောက်နိုင်ကြသူများဖြစ်သလို ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။ သို့သော် ဒါမိန်းဒပ်ဖ်နှင့် စကော့တ်ပါကာတို့ကလည်း ဂိုးသွင်းနိုင်ကြပြီး နယူးကာဆယ်ကို နိုင်ပွဲရအောင် ဖန်တီးပေးနိုင်နေကြသဖြင့် အကြိတ်အနယ်ပွဲ ဖြစ်နေသည်။ အဲဗာတန်တို့ အဝေးကွင်းဖြစ်သော်လည်း နိုင်ပွဲရနိုင်သည်။

## ပို့စ်မောက်နှင့်ဘော်လ်တန်

ငါးပွဲကစား၊ ရှုံးပွဲလုံးဝ မရှိသေးသော ပို့စ်မောက်တို့ တန်းစီဇယား ထိပ်ဆုံးနေရာကိုပင် ရယူထားနိုင်သည်။ ယခုနှစ် ခြေစွာနေသော ပို့စ်မောက်ကို အသင်းကြီးများပင် ဂရုစိုက်နေရပြီသည်။ မနှစ်က အိမ်ကွင်း၌ တစ်ဂိုးစီ သရေရလဒ်ကို ပို့စ်မောက်တို့ လက်ခံတော့မည်မဟုတ်ရာ နိုင်ပွဲရအောင် ကစားမည်ဖြစ်သည်။ ပို့စ်မောက်အတွက် ဘင်ဂျာနီနှင့် လွှာလွှာတို့က ဘော်လ်တန်နောက်တန်းကို ကျော်ဖြတ်ပြီး ဂိုးရအောင်သွင်းယူကြမည်ဖြစ်သည်။ ဘော်လ်တန်တွင် စပိဒ်နှင့် ဒိုင်အုတ်တို့ရှိသော်လည်း ပို့စ်မောက် နောက်တန်းကို ကျော်ဖြတ်ရန် မလွယ်ချေ၊ ပို့စ်မောက်နောက်တန်းမှာ ငါးပွဲကစား၊ တစ်ဂိုးမျှ ဂိုးမပေးရအောင် စွမ်းရည်မြင့်မားရာ ပရီမီယာလိဂ်၌ စံပြဖြစ်နေသဖြင့် ဘော်လ်တန်တို့ ဂိုးရရေးမှာ အိပ်မက်သဖွယ် ဖြစ်နေမည်ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

**သုံးသပ်တင်ပြသူ - မောင်ချစ်ကြည်**

# မိတ္ထီလာမြို့ အထက(၁) အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မိတ္ထီလာမြို့ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်၆၀ကျော် ဆရာကြီးဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ရန် ဖိတ်ကြားထားသည်။ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပရန်နှင့် နှစ်စဉ်နှစ်တိုင်း ပူဇော်ကန်တော့ပွဲ ကျင်းပသွားနိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး အထက(၁) မိတ္ထီလာ ဖုန်း-၀၆၄-၂၃၀၁၉၊ ဒေါ်စုစုလွင် ဖုန်း-၀၆၄ -၂၁၆၆၂၊ ဦးစံလင်း ၀၆၄-၂၃၁၈၄၊ ဦးခင်ထွန်း ၀၆၄-၂၁၁၃၀၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉၈၀-၂၀၀၅၁၊ ၀၁-၃၈၄၄၂၀ နှင့် ဦးငွေမောင်း ဖုန်း-၀၁-၅၄၅၁၂၆(ရုံး) နှင့် ၀၁-၅၁၈၀၀၉(အိမ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင် |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၇း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၅၀ | အာဆီယံအစားအစာပွဲတော်သို့ တစ်ခေါက် |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | ဉာဏ်ရည်မြင့်မားလေးနှစ်သား |
| ၈း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၃၅ | ဘော်ဘင်ရေလှောင်တမံ |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ကလေးတို့အတွက် လက်ဆောင် (ဆင်ရုပ်နှင့် အသဲပုံ လက်ပတ်ခေါက်နည်း) |
| ၉း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၀ | Language Lab (အထက-၁၊ ဒဂုံ) |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ကင်မ်ချီ၊ကြက်ဥမွှေကြော်) |
| ၉း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၀ | Mr & Ms Quench 2006 (ပထမပိုင်း) |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ထူးမြတ်သာသနာ သဲအင်းဝိပဿနာ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား) |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ | သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းစိုးစံဝင်းနှင့်တွေ့ဆုံခြင်း) |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | အသည်းရောင်အသားဝါ "စီ" ရောဂါပိုးကိုကုသနိုင်သော နည်းလမ်းများ (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကမ္ဘာတစ်လွှား အားကစား

## ကားလင်းဖလား ဒုတိယအဆင့် ပြိုင်ပွဲများ ယှဉ်ပြိုင် အဲဗာတန်၊ ဘော်လ်တန်တို့ အနိုင်ရပြီး ဝီဂန်ရှုံးပွဲကြုံ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

**လန်ဒန် စက်တင်ဘာ ၂၀**

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၁၉ရက်က ဆက်လက်ကစားရာ ပရီမီယာလိဂ်အသင်းများ ဖြစ်ကြသည့် အဲဗာတန်၊ ဘော်လ်တန်တို့ အနိုင်ရရှိခဲ့သော်လည်း ဝီဂန်က ခရီးဝီးအသင်းကို နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

**ဝေါလ်ရှဲလ်နှင့် ဘော်လ်တန်**

အင်္ဂလိပ်ဒုတိယတန်းကလပ် ဝေါလ်ရှဲလ်ကို အဝေးကွင်း၌ ဘော်လ်တန်တို့ အနိုင်ကစားနိုင်ခဲ့သည်။ ဘော်လ်တန်တိုက်စစ်မှူးများက ဝေါလ်ရှဲလ် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၆၈မိနစ်တွင် ဘော်လ်တန်တိုက်စစ်မှူး ကီဗင်နိုလန်က တစ်ဂိုး၊ ပွဲချိန် ၈၈မိနစ်တွင် ကမ်ပိုကတစ်ဂိုး၊ မိနစ် ၉၀တွင် အနယ်ကာက တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးရရှိခဲ့သည်။

ဝေါလ်ရှဲလ်၏ ချေပဂိုးကို ပွဲချိန် ၇၄မိနစ်၌ ဘတ်လာက သွင်းယူပေးခဲ့သဖြင့် သုံးဂိုး-တစ်ဂိုးဖြင့် ဝေါလ်ရှဲလ်တို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘော်လ်တန်သည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ကားလင်းဖလား ဘောလုံးပြိုင်ပွဲ တတိယအဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

**ပီတာဘိုရော့နှင့် အဲဗာတန်**

တမ်ကာဟေး၏ နောက်ကျဂိုးဖြင့် အဲဗာတန်တို့နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အဲဗာတန်၏ ဆယ်ကျော်သက်တိုက်စစ်မှူး ဗစ်တာအနီချီဘီသည် ယခုပွဲ၌ ခြေစွမ်းပြထိုးဖောက်ကစားနိုင်ခဲ့ရာ ပီတာဘိုရော့နောက်တန်း မထိန်းနိုင်ဖြစ်ခဲ့ရသည်။

အဲဗာတန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၄မိနစ်၌ ပီတာဘိုရော့ နောက်ခံလူ စတီရာလင်းက ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် အဲဗာတန်တို့ ဖွင့်ဆော်ဦး လက်ဆောင်ဂိုးရရှိခဲ့သည်။

ထို့နောက် အဲဗာတန်တိုက်စစ်မှူး တမ်ကာဟေးက ၈၇မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သဖြင့် အဲဗာတန်တို့ နှစ်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ပီတာဘိုရော့၏ ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၅၆ မိနစ်၌ ဘင်ဂျာမင်က သွင်းယူခဲ့သဖြင့် ပီတာဘိုရော့တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



**ကားလင်းဖလားပွဲစဉ်၌ အဲဗာတန်မှ စီမွန်ဒေးဗစ်(ယာ)နှင့် ပီတာဘိုရော့မှ ရစ်ချစ်ဘုတာတို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ခရီးဝီးနှင့် ဝီဂန်**

အင်္ဂလိပ်လိဂ် ပထမတန်းကလပ် ခရီးဝီးက ပရီမီယာလိဂ်ကလပ် ဝီဂန်ကို နှစ်ဂိုးသွင်းပြီး အနိုင်ယူခဲ့သည်။

ခရီးဝီးအတွက် ၄၂မိနစ်တွင် ဂျက်ကတစ်ဂိုး၊ မိနစ် ၉၀တွင် မေနပ်က တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ဝီဂန်တို့ ချေပဂိုးပင် မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**(အင်တာနက်)**

## အမျိုးသားလှံတံပစ် အိုလံပစ်သုံးထပ်ကွမ်းချန်ပီယံ ချက်နိုင်ငံသား ဇီလက်ဇ်နေ အနားယူတော့မည်

တိုကျို စက်တင်ဘာ ၂၀

**အမျိုးသားလှံတံပစ် အိုလံပစ်ချန်ပီယံ သုံးကြိမ်ရရှိထားသူ ချက်နိုင်ငံသား ဇီလက်ဇ်နေသည် ဖနောင့်ကြောဒဏ်ရာရရှိနေမှုကြောင့် အားကစားလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**



**အမျိုးသားလှံတံပစ် အိုလံပစ်ချန်ပီယံ သုံးကြိမ် ရရှိထားသော ချက်နိုင်ငံသား ဇီလက်ဇ်နေ မာန်ပါစွာဖြင့် လှံတံပစ်နေစဉ်။**

အသက် ၄၀အရွယ်ရှိ ဇီလက်ဇ်နေသည် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့သို့ ယခုသီတင်းပတ်အတွင်း ခရီးထွက်ရန်ရှိနေပြီး ထိုခရီးစဉ် ပြီးဆုံးပါက အနားယူမည်ဖြစ်သည်။

**နည်းပြတာဝန်**

ဇီလက်ဇ်နေသည် ၁၉၉၃၊ ၁၉၉၅နှင့် ၂၀၀၁ခုနှစ် လှံတံပစ် ကမ္ဘာ့စံချိန်ငါးခု တင်နိုင်ခဲ့သူဖြစ်ပြီး အနားယူပြီးပါက နိုင်ငံတကာ အိုလံပစ်ကောင်စီနှင့် ပါရာဂွေးနိုင်ငံတွင် အားကစားနည်းပြအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဇီလက်ဇ်နေ၏ လှံတံပစ် အကောင်းဆုံးစံချိန်မှာ ၉၈ဒသမ၄၈ မီတာဖြစ်ပြီး ၎င်း၏ နောက်ဆုံးရရှိခဲ့သည့် ဆုတံဆိပ်မှာ ယခုနှစ်အစောပိုင်းက ကျင်းပခဲ့သည့် ဥရောပချန်ပီယံ အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ **(အင်တာနက်)**



**ပရီမီယာလိဂ် ပြိုင်ပွဲတစ်ခုတွင် အနိုင်ဂိုးသွင်းပြီး အောင်ပွဲခံနေသော မစ်ဒယ်ဘရော့ ကစားသမားများအား တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မစ်ဒယ်ဘရော့မှ ကစားသမားများအား အငှားစာချုပ်ချုပ်ခြင်းမပြုရန် ဆောက်ဂိတ်သတိပေး

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၀

**မစ်ဒယ်ဘရော့ ကစားသမားများသည် အငှားဖြင့် အခြားအသင်းများသို့ သွားရောက်ကစားခြင်းထက် မစ်ဒယ်ဘရော့အသင်းတွင် ကစားခြင်းက ပို၍ အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်း အသင်းမန်နေဂျာ ဂါရက်ဆောက်ဂိတ်က ပြောကြားသည်။**

**ကမ်းလှမ်း**

မိမိတို့ မစ်ဒယ်ဘရော့ အသင်းသို့ ကစားသမားများငှားရန် ကမ်းလှမ်းသူများ ပို၍များလာနေကြောင်း၊ အခြားအသင်းသို့ ပြောင်းရွှေ့ပေးလိမ့်မည် မဟုတ်ကြောင်းလည်း ၎င်းက ပြောကြားသွားသည်။

မစ်ဒယ်ဘရော့ အသင်းတွင် အသက်၁၉နှစ်နှင့် ၂၀ရှိ ကစားသမားအများဆုံးကို အသင်း၌ ထိန်းထားရမည်ဖြစ်ကြောင်း၊ ယင်းကစားသမားများသည် ပွဲပေါင်း ၃၀၊ ၄၀ ကစားခဲ့ပြီးဖြစ်ကြောင်း မန်နေဂျာ ဆောက်ဂိတ်က ဆက်လက်ပြောကြားသည်။

**(အင်တာနက်)**

## ကမ္ဘာ့ဖလားကြောင့် အာဆင်နယ်ကိုထိခိုက်ခဲ့ နည်းပြအာစင်ဝင်းဂါး ထုတ်ဖော်ပြောကြား



**အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး**

**လန်ဒန် စက်တင်ဘာ ၂၀**

အာဆင်နယ် လူငယ်ကစားသမားများသည် ၂၀၀၆ ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲကြောင့် ထိခိုက်အနာတရဖြစ်ရာမှ ယခုအခါ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

**အနိုင်ရ**

အာဆင်နယ်အသင်းသည် စက်တင်ဘာ ၁၇ရက်က ပရီမီယာလိဂ်ပွဲစဉ်၌ ကစားရာတွင် မန်ယူအသင်းကို ပထမဆုံး အနိုင်ရလိုက်သည်။

မိမိတို့သည် ကမ္ဘာ့ဖလားကြောင့် အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း၊ လူငယ်ကစားသမားများ ကမ္ဘာ့ဖလားတွင် ဒဏ်ရာရခဲ့သဖြင့် အချိန်များစွာကုန်ခဲ့ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။

လူငယ်ကစားသမား ကမ္ဘာ့ဖလားတွင် ထိခိုက်မှုများခဲ့ရာ အာဆင်နယ် အသင်းသည် ပရီမီယာလိဂ်အစတွင် နိုင်ပွဲများနှင့် လွဲခဲ့ရကြောင်းလည်း ၎င်းက ပြောကြားသည်။

အာဆင်နယ် လူငယ်ကစားသမားဖြစ်သည့် ဆွစ်ဇာလန် နောက်တန်းအလယ်ကစားသမား ဖီးလစ်ဆန်ဒါရိုစ်သည် ကမ္ဘာ့ဖလားဒဏ်ရာကြောင့် ပြန်ကောင်းလာပြီဖြစ်သည်။ စပိန်ကွင်း လယ်ကစားသမား ဖာဘရီဂတ်နှင့် ဒတ်ချ်တိုက်စစ်မှူးဗန်ပါစီတို့သည် ဂျာမနီ ကမ္ဘာ့ဖလားတွင် အဓိကကစားသမားများအဖြစ် ပါဝင်ကစားခဲ့ကြသည်။

**ပါဝင်ကစားခဲ့**

ထို့အတူ ဂျိုဟန်ဒီဂျိုဂုသည် ဆွစ်ဇာလန်အသင်းတွင်လည်းကောင်း၊ ဝေါလ်ကော့တ်သည် အင်္ဂလန်အသင်းတွင် လည်းကောင်း၊ မန်ယူအသင်းနှင့် ယှဉ်ပြိုင်ရာတွင် အနိုင်ဂိုးသွင်းသူ အဒီဘေယာသည် တိုဂိုအသင်းတွင်လည်းကောင်း ပါဝင်ကစားခဲ့ကြသည်။ **(အင်တာနက်)**

## ချန်ပီယံလိဂ်ဝင်ခွင့်ရ အသင်းများက ကမ်းလှမ်းသော်လည်း ပို့စ်မောက်ကိုသာ ရွေးချယ်ခဲ့ဟု တိုက်စစ်မှူး ကနူးပြောကြား

**လန်ဒန် စက်တင်ဘာ ၂၀**

ပို့စ်မောက် တိုက်စစ်မှူး ကနူးသည် ချန်ပီယံလိဂ်ယှဉ်ပြိုင်ရန် အခွင့်အလမ်းကို ကျော်လွန်၍ ပို့စ်မောက်နည်းပြ ဟာရီရက်နက်အတွက် ကစားပေးရန် ရွေးချယ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။



**ပို့စ်မောက်ကလပ်၌သာ ကစားရန် ရွေးချယ်ခဲ့သော တိုက်စစ်မှူး ကနူး။**

မိမိသည် ဝက်စ်ဘရွန်းမှ ထွက်ခွာပြီးနောက် ဩဂုတ်လက ပို့စ်မောက်ကိုရွေးခဲ့ကြောင်း အသက် ၃၀အရွယ်ရှိ ကနူးက ပြောကြားသည်။ မိမိအား ဟမ်းဘတ်နှင့် စပိန်ကလပ်များမှ ကမ်းလှမ်းချက်များကို ငြင်းဆိုကာ ပို့စ်မောက်ကိုသာ ရွေးချယ်ခဲ့ကြောင်း ကနူးက ပြောကြားသည်။

ကနူးသည် အိုင်ယက်စ်၊ အင်တာမီလန်နှင့် အာဆင်နယ်တို့တွင်လည်းကစားခဲ့သူဖြစ်သည်။ အာဆင်နယ်တွင် ငါးနှစ်ကြာ ကစားခဲ့စဉ် အက်ဖ်အေဖလားနှစ်လုံးနှင့် ပရီမီယာလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးခဲ့သည်။ **(အင်တာနက်)**

# ချမ်းအေးသာစံ၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် မန္တလေးကျုံးရေပြင်သန့်ရှင်းရေး မော်ဆယ်စက်ဖြင့် အမှိုက်များရှင်းလင်း

မန္တလေး စက်တင်ဘာ ၁၅

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် စက်တင်ဘာ ၉ရက် နံနက် ၈နာရီခွဲက ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ပတ်ဝန်းကျင်နှင့် အမှတ် (၄)အခြေခံပညာ မူလတန်းကျောင်း မျက်နှာစာ၌ရှိသော ၆၈ လမ်း ဘေးဝဲယာ ရေနုတ်မြောင်းများ၊ ၆၇လမ်းနှင့် ၆၈လမ်းကြား ၃၃လမ်းရှိ ပညာရေးကောလိပ်(မန္တလေး) မျက်နှာစာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများ၊ အောင်မြေသာစံမြို့နယ် မန္တလေးကျုံးပတ်လည်တစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ မန္တလေးကျုံးအတွင်း အမှိုက်များ၊ ရေမှော်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**

(ယာပုံ)



### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၆၈ လမ်း မဟာဝိဇိတာရုံကျောင်းတိုက် အဝင်မုခ်ဦးရှေ့သို့ ရောက်ရှိပြီး ၆၈လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ ရေစီးဆင်းမှု ကောင်းမွန်စေရေးအတွက် သန့်ရှင်းရေးဝန်ထမ်းများနှင့် မြောင်းဆယ်ဝန်ထမ်းများဖြင့် မြောင်းအတွင်းရှိ အမှိုက်သရိုက် အညစ်အကြေးများ၊ မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုနှင့် အမှတ် (၄)အခြေခံပညာ မူလတန်းကျောင်း ဝန်းကျင်ရှိ ရေနုတ်မြောင်းများအတွင်းမှ စွန့်ထုတ်ရေများ၊ ငွေတချောင်းမြောင်းအတွင်းသို့ ရေစီးဆင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

### ဆောင်ရွက်ပေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပညာရေးကောလိပ်(မန္တလေး)သို့ရောက်ရှိပြီး ကျောင်းအတွင်းရှိ ရေနုတ်မြောင်းများ မြောင်းဆယ်ယူရေးလုပ်ငန်း ပြီးစီးမှုနှင့် ရေစီးဆင်းနိုင်မှု အခြေအနေများကို လည်းကောင်း၊ ပညာရေးကောလိပ် မျက်နှာစာရှေ့တွင် စက်ယန္တရားကြီးများ၊ မြောင်းဆယ်ဝန်ထမ်းများဖြင့် ရေနုတ်မြောင်းအတွင်းမှ စွန့်ပစ်အမှိုက်သရိုက်အညစ်အကြေးများ ဆယ်ယူရှင်းလင်းနေမှုနှင့် ရေထွက်ပေါက် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ ရေနုတ်မြောင်းဘေး ဝဲယာတို့၌ရှိသော ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### မှာကြား

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကျုံး ပတ်လမ်းတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများ၊ ကျုံးဘေးပတ်လည် လူသွားပလက်ဖောင်းများပေါ်တွင် အရိပ်ရပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် တိုးချဲ့စိုက်ပျိုးဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မန္တလေးကျုံးရေပြင် ကြည်လင်သန့်ရှင်းစေရန်အတွက် မော်ဆယ်စက်ကြီးများ၊ မော်ဆယ်လုပ်သားကြီးများဖြင့် အမှိုက်များ၊ ရေမှော်များ ဆယ်ယူရှင်းလင်းနေမှုလုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မန္တလေးသန့်ရှင်း၊ သာယာလှပရေး လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနမှူးများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် လပွတ္တာ-လပွတ္တာလုပ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ ဝယ်ယူစုဆောင်း ပြင်ဆင်ထားခြင်းကို စက်တင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးမြင့်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



## ပန်းများပွင့်ဖူးရန် အစားထိုးစိုက်ပျိုး

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အား စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသပ်ရပ် လှပသောမြို့ဖြစ်စေရန်အတွက် စက်တင်ဘာ ၃ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်ကြီးကြပ်ကာ လမ်းလုပ်သားများ ဆွမ်ပရာဘွမ်လမ်းဘေးဝဲယာ စိမ်းလန်းနယ်မြေတွင် ရာသီပန်းနှင့် အရိပ်ရပင်များ ရှင်သန်ပွင့်ဖူးစေရန် ပေါင်းသင်ခြင်း၊ အစားထိုးစိုက်ပျိုးခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် လမ်းလယ်ကျွန်း ပန်းဘောင်အမှတ် (၈၉)မှ အမှတ် (၁၅၀) အထိ မြက်ဖြတ်ခြင်း၊ မြေခင်းအလှပြုပြင်ခြင်းနှင့် ရာသီပန်းများ အဆက်မပြတ် ပွင့်ဖူးစေရန် အစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

**ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာဦးနှင့် ဝန်ထမ်းများ ဩဂုတ် ၁၀ ရက်က ကွန်ပျူတာ ပညာအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။** (မြို့နယ် စည်ပင်)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**သီတင်းကျွတ်လဆန်း ၁ ရက်**
**၂၂-၉-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋ္ဌာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
**(၁) သတိရစရာလေးများ (အေဝမ်းတင်တင်လှ)**
**(၂) ဂေါတမမြတ်ဘုရားဂုဏ် (တင်တင်မြ)**
**(၃) မယ်ရွှေးလို့ဆင်ပါ့မယ်(ထား)**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝစွမ်းအင်လျှပ်စစ်ဓာတ် ထုတ်လုပ်ခြင်းအကြောင်း) (ပထမပိုင်း)

၁၁:၃၅ သုတကမ္ဘာအစီအစဉ်

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဆင်တုံးမနွယ်) (ဒေါက်တာအောင်နိုင်)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ချစ်သူ့စကား)

**ညနေပိုင်း**

၁၆:၁၀ ရာသီခါမီ တေးပန်းချီ
(၁) မိုးသက်လေနှင် (အေသင်)
(၂) ချစ်မိုးကြီး (ဝင်းဦး-ရီရီသန့်)
(၃) မိုးနှမလေးနှုတ်ဆက်လွှာ (ခင်ယုမေ)

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) မေတ္တာသည်သာ (ခေါင်းကြီး)
(၂) အပြာရောင်ကောင်းကင်ကြီးနဲ့ အပြိုင် (ဆောင်းပါးသရုပ်ဖော်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဓာတ်လမ်း (စားရေးရော ဝတ်ရေးပါ ဖြည့်ဆည်းပေးမှာ)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မျက်စိအမြင် ကုသိုလ်ရှင်များ) (မောင်ဆုရှင်)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လက်ကျန်ဘဝလေး ဆက်တော့မယ် (တိုးတိုးလွင်)
(၂) အချစ်စိမ်းကားမလေး မပလီ (ဟသ်ာတမြင့်ငွေ)
(၃) ချစ်သူ့လိုရာ (ခင်ခင်)

## ချောက်မြို့ သန်းပင်ကျေးရွာ ကျန်းမာရေးဌာနခွဲသစ်ဖွင့်

**ချောက် စက်တင်ဘာ ၆**

ချောက်မြို့နယ် ဂွေးပင်ကျေးရွာအုပ်စု သန်းပင်ကျေးရွာ ကျန်းမာရေးဌာနခွဲသစ်ဖွင့်ပွဲနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ ဆေးပေးခန်းသစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ချစ်ဆွေ၊ မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

### အမှာစကား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ချစ်ဆွေ၊ မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဆရာဝန်ထံသို့ အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်လွင်က ပေးအပ်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးလှညွန့်က အဆောက်အအုံ ဆောက်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

### ဆောက်လုပ်ခဲ့

အဆိုပါဆေးခန်းမှာ ပေ ၆၀၊ ပေ ၇၀ မြေကွက်ပေါ်တွင် အလျား ၂၄ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၀ ပေ သွပ်မိုး အုတ်ကာအဆောက်အအုံဖြစ်ပြီး ငွေကျပ် ၁၆၇၄၀၀၀ ဖြင့် အကုန်အကျခံကာ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

**ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ကြို့ကုန်း-သနာပိုလမ်းပေါ်ရှိ သနာပိုတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဩဂုတ် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)



## အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး မုန့်လုပ်၊ ပန်းအလှပြင်နှင့် တိုင်းရင်းဆေးဝါးသင်တန်းများဖွင့် သင်တန်းစည်းကမ်းနှင့် ရည်ရွယ်ချက်များရှင်းလင်း



**အုတ်တွင်း စက်တင်ဘာ ၁၂**

အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးကြပ်ဖွင့်လှစ်သည့် မုန့်လုပ်သင်တန်း (၅/၂၀၀၆)၊ ပန်းအလှပြင်သင်တန်း (၅/၂၀၀၆)နှင့် တိုင်းရင်းဆေးဝါးသင်တန်း (၃/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သိန်းသိန်းတိုးက သင်တန်းစည်းကမ်းများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ သင်တန်းဖွင့်ပွဲသို့ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အုတ်တွင်းစခန်းမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် သင်တန်းသား ၃၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့သည်။ **(အပေါ်ပုံ)** (၃၁၆)



# ကျိုင်းတုံမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၀

**ကျိုင်းတုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းက အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

**ဆုချီးမြှင့်**

ဆက်လက်၍ ကျိုင်းတုံမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဖောင်းခမ်းနှင့် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သော အထက(၄)မှ မောင်စစ်နောင်တို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းကလည်းကောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သော နွေရာသီ သင်တန်းပေါင်းစုံ ဆုရသူများအား တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**အမှာစကားပြောကြား**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ကျိုင်းတုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဦးနိုးဝေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၆ သို့တင်သွင်းသည့် ကဏ္ဍအလိုက် အစီရင်ခံစာများကို မြို့နယ် အလုပ်အမှုဆောင်များက ဖတ်ကြား တင်သွင်းကြပြီး အစီရင်ခံစာများအပေါ် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အကြံပြုဆွေးနွေးချက်များအပေါ် မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးဟွမ်နွံ့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) နောက်ကျောဘက် ကပ်လျက် တိုးချဲ့ မြေနှစ်ကေဝယ်ယူရန်အတွက်ရန်ကုန်မြို့ သံလွင်လမ်း ကမာရွတ်မြို့နယ် အမှတ် ၁၂၁/ဘီနေ ဦးကြည်ညွန့်၏ အသက်(၈၀)ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# အလိုတော်ပြည့်ဆရာတော် ပူဇော်ပွဲကျင်းပ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၂**

ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေရတနာ စာသင်တိုက်နှင့် ဓမ္မရိပ်သာတို့၏ ဦးစီးပဓာန နာယက အလိုတော်ပြည့် ဆရာတော်အား ပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်က ဗောဓိသုခရတနာ လေးထပ်ကျောင်းဆောင်တွင် ကျင်းပသည်။

ပူဇော်ပွဲအခမ်းအနားသို့ မဟာအောင်မြေစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသနဟိတဓဇ ပြည်တွင်း ပြည်ပသာသနာပြု အလိုတော်ပြည့် ဆရာတော် ဒေါက်တာ အရှင်အရိယဝံသဆရာတော်ကြွရောက်တော်မူ၍ တက်ရောက်ဂုဏ်ပြု ပူဇော်ကြသော တပည့် ဒါယကာ ဒါယိကာမများက ကိုးပါးသီလ ခံယူကြပြီး ပင့်သံဃာဆရာတော်များ၏ မေတ္တာသုတ်ပရိတရားတော်ကို နာယူကြသည်။

**ဖတ်ကြား**

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မဟာအောင်မြေစာသင်တိုက်၏ စာချဆရာတော် ဘဒ္ဒန္တ ဓမ္မိကက ရှိခိုးကန်တော့လွှာကိုလည်းကောင်း၊ အရှင်စန္ဒဇောတိက ဆရာတော် ဒေါက်တာဘွဲ့တံဆိပ်တော်များ၏အကြောင်း ကောက်နုတ်ချက်အကျဉ်းချုပ်ကို လည်းကောင်း ဖတ်ကြားလျှောက်ထားသည်။

**ရေစက်သွန်းချ**

ထို့နောက် ဆရာတော်အား ကြည်ညိုဂုဏ်ပြုကြသော တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(ဝ၆၁)**



**ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့ ဩဂုတ် ၂၂ ရက်က အိမ်မဲမြို့ ပျိုးဥယျာဉ်ပျိုးထောင်မှုနှင့် အဖွဲ့ပိုင်ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် စည်ပင်)

# မြို့နယ် သတင်းများ



# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အမ်းမြို့၌ကျင်းပ

**အမ်း စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် အမ်းမြို့ အထက(၁)တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ဝရဇိန်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအေးဖေနှင့်ဇနီးတို့က ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအတွက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများ အားလုံးကို အာဟာရဆန်ပြုတ် တိုက်ကျွေးလှူဒါန်းကြသည်။

ထို့နောက် ဦးအေးဖေနှင့် ဇနီးတို့က ကျောင်းစည်းကမ်း ထိန်းသိမ်းရေးနှင့် လုံခြုံရေးအတွက် ကိုယ့်အားကိုယ်ကိုး ကာရံလျက်ရှိသော အုတ်တံတိုင်းတွင် ဂိတ်ဝသံတံခါးမ တပ်ဆင်ရန် ငွေကျပ် ၂၃၅၉၀၀ ကို ကျောင်းအုပ်ဆရာကြီး ဦးတင်သိန်းထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

**(၉၁)**



# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ မောင်တော၌ ကျင်းပ

**မောင်တော စက်တင်ဘာ ၁၀**

မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသိန်းထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပြိုင်ပွဲသို့ မောင်တော၊ ဘူးသီးတောင်မြို့နယ်များမှ ပြိုင်ပွဲဝင် ၄၅ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ခရိုင်ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသိန်းထွန်းဦးက အသက် (၁၀-၁၅) အကပြိုင်ပွဲ၌ ပထမရရှိသော မောင်တော အထက မှ မောင်ခိုင်မင်းထူး **(အပေါ်ပုံ)** အား ဆုချီးမြှင့်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကပြိုင်ပွဲအမျိုးအစားအလိုက်ပထမ၊ ဒုတိယ၊ တတိယဆု ရသူများအား ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ဖျာပုံမြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ဖျာပုံ စက်တင်ဘာ ၁၇**

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဖျာပုံမြို့တွင် လမ်းများ ရေစီးရေလာကောင်းမွန်ရေးနှင့်မြို့တွင်း မြို့မရပ်ကွက် လမ်းမကြီးများ ကတ္တရာလမ်း ဖြစ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိရာ စက်တင်ဘာ ၁၃ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်လေးခင်နှင့် ဒုတိယဦးစီးမှူး (သန့်) ဦးဝင်းအောင်သူတို့ ဦးဆောင်မှုဖြင့် စည်ပင်သာယာဝန်ထမ်းများက ၁၃ လမ်း (မြို့ပတ်လမ်း)ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပုခုံးများခိုင်မာရေးအတွက် လုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်တို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြသည်။ **(အောက်ပုံ)**

**(၁၅၈)**





**မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ခြင်နှင့် ယင်ကောင်များ ပေါက်ပွားမှုမရှိစေရေးအတွက် ဩဂုတ် ၂၉ ရက်က မြို့မဈေးနှင့်အောင်သာယာဈေးများအတွင်း ခြင်ဆေးဖျန်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို ဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ ဒုတိယဦးစီးမှူး (ဈေး) ဦးညွန့်ဝင်းတို့ကြီးကြပ်မှုဖြင့် ဈေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဈေးမိဈေးဖများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်ရန်နှင့် ပြည့်ဝစွာရရှိရေး ပြည်သူနှင့် လုပ်ငန်းရှင်များပါဝင်သော လျှပ်စစ်ကဏ္ဍမြှင့်တင်မှုကို ဖော်ဆောင်ရည်မှန်းချက်တာဝန်များ ယခုထက်ပိုမိုအောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးအေးသော်တို့လိုက်ပါ၍ မြို့လှမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဓာတ်အားခွေ လက်ခံကောင်တာကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးအား လျှပ်စစ်မှူးဦးခင်စိုးက မြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေနှင့် ဓာတ်အားခကောက်ခံ ရရှိမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

**ဖော်ဆောင်**

ယင်းနောက် ဝန်ကြီးက မြို့တွင်းဓာတ်အားစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ဓာတ်အားပြည့်ဝစွာရရှိရန် ပြည်သူနှင့်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော လျှပ်စစ်ကဏ္ဍမြှင့်တင်မှုကို ဖော်ဆောင်သွားရန် ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၂* ✡

## လာရောက်တွေ့ဆုံ

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဥရောပပညာရှင် ကိုယ်စားလှယ် သံအမတ်ကြီး Dr. Christian Hauswedell နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



| စက်တင်ဘာ ၂၀ ရက်၌ မိုးရွာသွန်းလေသမျှ | |
|---|---|
| နေပြည်တော် | ၁ ဒသမ ၅၇ လက်မ |
| ပျဉ်းမနား | ၁ ဒသမ ၅၇ လက်မ |
| စစ်တွေ | ၇ ဒသမ ၀၁ လက်မ |
| မောင်တော | ၆ ဒသမ ၅၈ လက်မ |
| ကျောက်ဖြူ | ၅ ဒသမ ၉၁ လက်မ |
| တာချီလိတ် | ၅ ဒသမ ၂၀ လက်မ |
| ဟားခါး | ၅ ဒသမ ၁၅ လက်မ |
| ကျောက်တော် | ၄ ဒသမ ၉၂ လက်မ |
| ကလေးဝ | ၄ ဒသမ ၆၁ လက်မ |
| မော်လိုက် | ၄ ဒသမ ၆၁ လက်မ |
| ကလေးမြို့ | ၄ ဒသမ ၄၉ လက်မ |
| သိပေါ | ၃ ဒသမ ၁၅ လက်မ |
| မန္တလေး | ၀ ဒသမ ၉၁ လက်မ |

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဥရောပ ပညာရှင်ကိုယ်စားလှယ်သံအမတ်ကြီးနှင့် အဖွဲ့တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနက ကြီးမှူးကျင်းပသည့် Workshop on Challenges and Prospects for the Future of ASEAN-EU Relations မဟာဗျူဟာလေ့လာရေးအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဥရောပပညာရှင် ကိုယ်စားလှယ်သံအမတ်ကြီး Dr. Christian Hauswedell နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr.Dietrich Andreas တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**


**မြန်မာ့အလင်း** ဆောင်းပါးနှင့် အင်တာနက်သတင်းအညွှန်း

❒ ကုန်တင်ရေယာဉ်များ ပြေးဆွဲပေးခြင်းဖြင့် အဓိက ထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ မန္တလေးတိုင်းမှ ထွက်ရှိသော ကုန်ပစ္စည်းများသည် မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ထွက်ရှိသော ကုန်ပစ္စည်းမျိုးစုံကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း ပုံမှန်ရောက်ရှိမည်ဖြစ်သည့်အတွက် များစွာအကျိုးသက်ရောက်မှု ရရှိစေပါသည်။

မောင်တင်လှိုင်(ဟိုတယ်/ခရီး)၏ စားသုံးသူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်များ ဆောင်းပါး (စာ-၁၀)



လကမ္ဘာလေ့လာစူးစမ်းမှုက သိပ္ပံပညာရှင်များအတွက် အဖိုးမဖြတ်နိုင်သည့် အသိပညာများရရှိ။

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)


## မြစ်ငယ်မြို့ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

ရန်ကုန် စက်တင်ဘာ ၂၀

**ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်း ထွာချက်အရ မြစ်ငယ်မြို့တွင် ၇၆၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။**

(မြန်မာ့အလင်း)